အဘိဓမ္မာစာမေးပွဲဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မလမ်းပြ

## အဘိဓမ္မာ { ဒုတိယဆင့် }

## [ရုပ်ပိုင်း]

### မေးခွန်းဟောင်းနှင့် စံပြအဖြေများ

### [ ၂၀၀၀-ခုနှစ်မှ ၂၀၂၄-ခုနှစ်ထိ]


**သင်တန်းမှူး**

**ဓမ္မလမ်းပြ-ဦးခိုင်ထူး(မဇ္ဈိမ အာဘိဓမ္မိက ကလျာဏဉာဏဓဇ)**

**(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)**

## အဘိဓမ္မာ (ဒုတိယဆင့်) ရုပ်ပိုင်း
## [၂၀၀၀– ခုနှစ်]

**(၈) ရုပ်အတုနှင့် ရုပ်အစစ်တို့ကို ခွဲခြားဖော်ပြပြီးလျှင် ခွဲခြား၍ မရကောင်းသော ရုပ်တို့ကိုလည်းဖော်ပြပါ။**

| ရုပ်အတု(ပညတ်ရုပ်) | | ရုပ်အစစ် (ပရမတ်ရုပ်) | |
|---|---|---|---|
| ပရိစ္ဆေဒရုပ် | = ၁–ပါး | မဟာဘုတ်ရုပ် | = ၄–ပါး |
| ဝိညတ်ရုပ် | = ၂–ပါး | ပသာဒရုပ် | = ၅–ပါး |
| လဟုတာဒိရုပ် | = ၃–ပါး | ဂေါစရရုပ် | = ၄–ပါး |
| လက္ခဏရုပ် | = ၄–ပါး | ဘာဝရုပ် | = ၂–ပါး |
| ပေါင်း | = ၁၀–ပါး ဖြစ်ပါသည်။ | ဟဒယရုပ် | = ၁–ပါး |
| | | ဇီဝိတရုပ် | = ၁–ပါး |
| | | အာဟာရရုပ် | = ၁–ပါး |
| | | ပေါင်း | = ၁၈–ပါး ဖြစ်ပါသည်။ |

**ခွဲခြား၍ မရကောင်းသောရုပ်မှာ**

"အဝိနိဗ္ဘောဂရုပ်" ဖြစ်သော–(မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇရုပ်) ၈–ပါး တို့ဖြစ်ပါသည်။

---

**(၉) မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကြသော ရုပ်တို့ကို အကြောင်းပြ ဖော်ပြပြီးလျှင်၊ ရုပ်သံသရာစက် လည်နေပုံကိုလည်း ဖော်ပြပါ။**

**မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကြသော ရုပ်တို့မှာ–** "လက္ခဏရုပ် ၄–ပါး" ဖြစ်ပါသည်။

**အကြောင်းပြ ဖေါ်ပြရလျှင်–**

လက္ခဏရုပ် ၄–ပါးသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်၊ တည်၊ ပျက်သဘောမျှသာ ဖြစ်သောကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်း ၄–ပါးမှ လွတ်ကြကုန်၏။

**ရုပ်သံသရာစက် လည်နေပုံ**

ယခုဘဝ၌ ပဋိသန္ဓေ၏ ဥပါဒ်မှစ၍ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ အဆက်မပြတ်ဖြစ်နေသကဲ့သို့ သေပြီးသတ္တဝါတို့အား နောက်နောက် ဘဝတို့၌လည်း ပဋိသန္ဓေဥပါဒ်မှစ၍ ကမ္မဇ–စသော ရုပ်များ ဆိုခဲ့ပြီးအတိုင်း အဆက်မပြတ် ဖြစ်နေသည်ကို ရုပ်သံသရာလည်သည်ဟု ဆိုသည်။

---

**(၁၀) အညသသတ်ဘုံ (က) ပဋိသန္ဓေအခါ ရသောရုပ် (ခ) ပဝတ္တိအခါ ရသောရုပ်တို့ကို ဖော်ပြပါ။**

**အညသသတ်ဘုံ၌–**

| (က) ပဋိသန္ဓေအခါ ရသောရုပ်မှာ | | | (ခ) ပဝတ္တိအခါ ရသောရုပ်မှာ | | |
|---|---|---|---|---|---|
| အဝိနိဗ္ဘောဂရုပ် | = | ၈–ပါး | အဝိနိဗ္ဘောဂရုပ် | = | ၈–ပါး |
| ဇီဝိတရုပ် | = | ၁–ပါး | ဇီဝိတရုပ် | = | ၁–ပါး |
| ပရိစ္ဆေဒရုပ် | = | ၁–ပါး | ပရိစ္ဆေဒရုပ် | = | ၁–ပါး |
| ဥပစယရုပ် | = | ၁–ပါး | လဟုတာဒိရုပ် | = | ၃–ပါး |
| သန္တတိရုပ် | = | ၁–ပါး | လက္ခဏရုပ် | = | ၄–ပါး |
| ပေါင်း | = | ၁၂–ပါး ရ၏။ | ပေါင်း | = | ၁၇–ပါး ရ၏။ |

**[၂၀၀၁–ခုနှစ်]**

**(၈) "ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏" ဟုဆိုလာလျှင် လက်ခံ သင့်–မသင့် ရှင်းလင်းပြ၍၊ တစ်ခုစီစွဲမရဘဲ အမြဲတမ်း စည်းလုံးညီညွတ်သော ရုပ်တရားတို့ကိုလည်း ဖော်ပြပါ။**

**" ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏" ဟု ဆိုလာလျှင်** လက်မခံသင့်ပါ။

**အကြောင်းမှာ–** ရုပ်တရားများသည် စိတ်၊ စေတသိက် တို့ကဲ့သို့ အာရုံကို ယူနိုင်သည့် (အာရမ္မဏိက) တရားမျိုး မဟုတ်၊ အာရုံကို မယူနိုင်သည့်"အနာရမ္မဏ"တရားမျိုးဖြစ်သောကြောင့် ဖြစ်ပါသည်။

**<u>တစ်ခုစီစွဲမရဘဲ အမြဲတမ်း စည်းလုံးညီညွတ်သော ရုပ်တရားများမှာ–</u>**

" အဝိနိဗ္ဘောဂရုပ်" (မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇရုပ်) ၈–ပါးတို့ ဖြစ်ပါသည်။

---

**(၉) "အသံကောင်းတာ ကံကြောင့်ပါ" ဟု ဆိုသော စကား မှန် မမှန် အဟုတ်သိအောင် ယုတ္တိဆောင်က စိစစ်တမ်း ထုတ်၍၊ သစ်ပင်၊ တော၊ တောင် စသည်၌ ရနိုင်သော ကလာပ်အဖွဲ့အစည်းကိုလည်း ရေးသားပြပါ။**

"အသံကောင်းတာ ကံကြောင့်ပါ" ဟူသောစကားသည် **မမှန်ပါ။**

**အကြောင်းမှာ** – အသံ(သဒ္ဒ) ရုပ်သည် စိတ်၊ ဥတုကြောင့် ဖြစ်သော ဒွိဇရုပ်ဖြစ်ပြီး၊ ကံကြောင့် ဖြစ်သောရုပ် မဟုတ်ခြင်းကြောင့် ဖြစ်ပါသည်။

**<u>သစ်ပင်၊ တော၊ တောင် စသည်၌ ရနိုင်သော ကလာပ်အဖွဲ့အစည်းများမှာ–</u>**

(၁) ဥတုဇ သုဒ္ဓဋ္ဌက ကလာပ် ၁–စည်း၊
(၂) ဥတုဇ သဒ္ဒနဝက ကလာပ် ၁–စည်း၊ တို့ဖြစ်ပါသည်။

---

**(၁၀) ကမ္ဘာဦးလူများနှင့် နတ်ဗြဟ္မာတို့ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့ကို အလွန်ဆုံး အပိုင်းအခြား၊ အောက်ထစ်ဆုံး အပိုင်းအခြား အားဖြင့် ခွဲခြားပြ၍၊ နိဗ္ဗာန်ကိုလည်း သဘာဝ၊ ကရဏ အားဖြင့် ခွဲခြားပြပါ။**

**ကမ္ဘာဦးလူများနှင့် နတ်ဗြဟ္မာတို့ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့မှာ–**

အလွန်ဆုံး အပိုင်းအခြားအားဖြင့် လည်းကောင်း၊ အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် လည်းကောင်း ချို့တဲ့သောဣန္ဒြေ မရှိသောကြောင့် တူစွာပင် ရအပ်၏။

| | | |
|---|---|---|
| **ကမ္ဘာဦးလူများ၌** | = | (ဇီဝိတ၊ ဘာဝဒသကကလာပ် ၂–စည်းကြဉ်သော်) ကမ္မဇကလာပ် ၆–စည်း၊ |
| **နတ်တို့၌** | = | (ဇီဝိတနဝကကလာပ်၊ မဆိုင် ဘာဝကြဉ်သော်) ကမ္မဇကလာပ် ၇–စည်း။ |
| **အသညသတ်ကြဉ် ရူပဗြဟ္မာများ၌** | = | ဇီဝိတနဝကကလာပ်၊ စက္ခု၊ သောတ၊ ဝတ္ထုဒသက ကလာပ် ၃–စည်း၊ ပေါင်း ကမ္မဇကလာပ် ၄–စည်း။ |
| **အသညသတ်ဗြဟ္မာ၌** | = | ဇီဝိတနဝကကလာပ် ၁–စည်း |
| **အရူပဗြဟ္မာများ၌** | = | မည်သည့်ရုပ်ကလာပ်မျှ မရ။ |

**နိဗ္ဗာန်သည်**

**သဘာဝအားဖြင့်** = ငြိမ်းအေးခြင်း သန္တိလက္ခဏာ ၁-ပါးရှိ၏။

**ကာရဏ (မှတ်သားကြောင်းပရိယာယ်) အားဖြင့်** = ခန္ဓာရှိမှု၊ မရှိမှုအားဖြင့် နိဗ္ဗါန်သည်-

- သဥပါဒိသေသနိဗ္ဗာန်၊
- အနုပါဒိသေသနိဗ္ဗာန်ဟု ၂-မျိုးပြားပါသည်။

=======================================================================

**[၂၀၀၂-ခုနှစ်]**

**(၁) လက္ခဏာယာဉ် သုံးတန်တင်ကာ ဝိပဿနာ ရှုကောင်းသော ရုပ်အပေါင်းကို အရေအတွက်မျှ ပြ၍ "ဒီအနံ့လေးရဖူးပါတယ်" ဟုပြောဆိုကြရာ ထိုရနံ့ကို မိမိထံမှောက်သို့ မရောက်ခင် ကတည်းက အာရုံရခြင်းမျိုးပါလော။ အဘယ်သို့ပါနည်း ရှင်းပြပါ။**

**လက္ခဏာယာဉ် သုံးတန်တင်ကာ ဝိပဿနာ ရှုကောင်းသော ရုပ်အပေါင်းကို အရေအတွက်**

**မျှပြရသော် -** သမ္မသနရုပ် ၁၈-ပါး ဖြစ်ပါသည်။
**"ဒီအနံ့လေးရဖူးပါတယ်"**ဟုပြောဆိုကြရာ ထိုရနံ့ကိုမိမိထံမှောက်သို့ မရောက်ခင် ကတည်းက အာရုံရခြင်းမျိုး မဟုတ်ပါ။

**အကြောင်းမှာ-** အနံ့ (ဂန္ဓာရုံ)ကို လက်ခံနိုင်သော ဃာနပသာဒရုပ်သည် မိမိထံသို့ ထိရောက် ကပ်ငြိသောအာရုံကိုသာ လက်ခံယူနိုင်သော သမ္ပတ္တဂါဟိကရုပ် ဖြစ်သောကြောင့် ဖြစ်ပါသည်။

---

**(၂) ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သော စိတ်တို့ကို ရေးသားပြ၍ကောင်းကင်ခေါ်မှတ် အာကာသဓာတ်သည် အကြောင်းမဲ့တရားဖြစ်သည်ဟု ဆိုလျှင် သင်အဘယ်သို့ ချေပမည်နည်း။**

**ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သော စိတ် ၁၃-ပါးတို့မှာ-**

| | | |
|---|---|---|
| လောဘမူ သောမနဿ သဟဂုတ်စိတ် | = | ၄-ပါး |
| မဟာကုသိုလ်သောမနဿ သဟဂုတ်စိတ် | = | ၄-ပါး |
| မဟာကြိယာ သောမနဿ သဟဂုတ်စိတ် | = | ၄-ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁-ပါး တို့ဖြစ်ကြပါသည်။ |

**ကောင်းကင်ခေါ်မှတ် အာကာသဓာတ်သည် အကြောင်းမဲ့ တရားဖြစ်သည်- ဟု ဆိုလျှင် မမှန်ပါ။**

**အကြောင်းမှာ** - အကာကာသဓာတ်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်း ၄-ပါး ကြောင့်ဖြစ်သော စတုဇရုပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

---

**(၃) မိဘတို့သည် သားသမီးတို့အပေါ်ဝယ် ကလလရေကြည်တည်စမှစ၍ မေတ္တာ ထားကြသည်ဆိုရာ ထိုကလလရေကြည်၏အရကို တိကျစွာ ကောက်ပြ၍ "ပရမတ္ထတရားတို့သည် ၄-ပါးထက် အပိုအလို ရှိသည်ဟု ဆိုလာလျှင် အဘယ်သို့ ရှင်းလင်းမည်နည်း။ ဖြေဆိုပါ။**

**ကလလရေကြည်၏အရကို တိကျစွာ ကောက်ပြရသော်-**

(၁) ကာယဒသကကလာပ် ၁-စည်း

(၂) ဘာဝဒသကကလာပ် ၁-စည်း

(၃) ဝတ္ထုဒသကကလာပ် ၁-စည်း ကလာပ်စည်း၊ ပေါင်း ၃-စည်း၊ ရုပ်အားဖြင့် ၃၀-ပါးရ၏။

**နပုံးဖြစ်က** (ဘာဝချို့သဖြင့်) ကလာပ် (၂)စည်း သာရကြပါသည်။

**"ပရမတ္ထတရားတို့သည် ၄-ပါးထက် အပိုအလို မရှိပါ။"**

**အကြောင်းမှာ-** ရုပ်ပိုင်းနိဂုံးချုပ်၌ "စိတ်သည်လည်းကောင်း၊ စေတသိက်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း၊ နိဗ္ဗာန်သည်လည်းကောင်း ဤသို့လျှင် ပရမတ္ထတရားကို လေးပါးအပြားအားဖြင့် သာလျှင် ဘုရားရှင်တို့သည် ထင်ရှားပြတော်မူကြကုန်၏"

---

**[၂၀၀၃-ခုနှစ်]**

**(၈) ရုပ်တစ်ခုတည်းကို နှစ်မျိုးခွဲ၍ ဟောထားရာ ထိုရုပ်တို့၏ အမည်တို့ကို ရေးသား၍ ရုပ်ကို မဖြစ် စေနိုင်သော စိတ်တို့ကိုလည်းဖော်ပြပါ။**

**ရုပ်တစ်ခုတည်းကို နှစ်မျိုးခွဲ၍ ဟောထားရာ ထိုရုပ်တို့၏ အမည်များမှာ-**

ဥပစယရုပ်နှင့် သန္တတိရုပ် ဟူသော ဇာတိရုပ်၏ အမည်များပင် ဖြစ်ပါသည်။

**<u>ရုပ်ကို မဖြစ်စေနိုင်သော စိတ်တို့မှာ-</u>**

ဒွေပဉ္စဝိညာဏ် - ၁၀၊ အရူပဝိပါက် - ၄၊ ရဟန္တာတို့၏-စုတိနှင့် အလုံးစုံသော - ပဋိသန္ဓေစိတ် တို့ဖြစ်ကြပါသည်။

---

**(၉) အဖွဲ့အစည်း စာရင်းထဲ မပါဝင်သောရုပ်တို့ကို အကြောင်းပြကာ ဖြေဆို၍၊ ဘုရား ရဟန္တာများ အဘယ်စိတ်များဖြင့် ပြုံးတော်မူကြပါသနည်း၊ ဖြေဆိုပါ။**

**အဖွဲ့အစည်း(ကလာပ်) စာရင်းထဲ မပါဝင်သောရုပ်တို့မှာ-**

<u>"ကလာပ်ဝိမုတ်ရုပ် ၅-ပါး"ဖြစ်သော</u>

အာကာသဓာတ် ပရိစ္ဆေဒရုပ် (၁)ပါးနှင့် လက္ခဏာရုပ်(၄)ပါးတို့ ဖြစ်ပါသည်။

**အာကာသဓာတ်ပရိစ္ဆေဒရုပ်သည် =** ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်ခြင်းကြောင့် လည်းကောင်း၊

**လက္ခဏာရုပ် ၄-ပါးတို့သည် =** ရုပ်ကလာပ်တို့၏ ဖြစ်၊တည်၊ ပျက် သဘော လက္ခဏာ မျှသာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊

ကလာပ်စည်းဖွဲ့ရာတွင် မပါဝင်သော ကလာပ်ဝိမုတ်ရုပ် ဖြစ်ရခြင်း ဖြစ်ပါသည်။

**<u>ဘုရားရဟန္တာများ ပြုံးတော်မူသောစိတ်များမှာ-</u>**

ဟသိတုပ္ပါဒ်စိတ် = ၁-ပါး

မဟာကြိယာ သောမနဿစိတ် = ၄-ပါး တို့ဖြစ်ပါသည်။

**(၁၀) ကာမဂုဏ်ကို စက်ဆုပ်သော ဗြဟ္မာတို့၏နေရာ၌ မရနိုင်သော ရုပ်ကလာပ်တို့ကို ရေးသားပြ၍၊ ဘုရား ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သော နိဗ္ဗာန်၏အမည်ကိုလည်း ဖော်ပြပါ။**

**ကာမဂုဏ်ကို စက်ဆုပ်သော ဗြဟ္မာတို့၏နေရာ၌ မရနိုင်သော ရုပ်ကလာပ်တို့တွင်–**

**<u>အသညသတ်ကြဉ် ရူပ (၁၅)ဘုံ၌ မရနိုင်သောကလာပ်စည်း</u>**

| | |
|---|---|
| ဃာနဒသကကလာပ် | = ၁–စည်း |
| ဇိဝှါဒသကကလာပ် | = ၁–စည်း |
| ကာယဒသကကလာပ် | = ၁–စည်း |
| ဣတ္ထိဘာဝဒသကကလာပ် | = ၁–စည်း |
| ပုမ္ဘာဝဒသကကလာပ် | = ၁–စည်း |
| အာဟာရဇကလာပ် | = ၂–စည်း |
| ပေါင်း | = ၇–စည်းကို မရအပ်။ |

**<u>အသညသတ် ဘုံ၌ မရနိုင်သောကလာပ်စည်း</u>**

| | | |
|---|---|---|
| (ဇီဝိတနဝကကလာပ်ကြဉ်သော) | **ကမ္မဇကလာပ်** | = ၈–စည်း |
| | **စိတ္တဇကလာပ်** | = ၆–စည်း |
| (သဒ္ဒနဝကကလာပ်၊ သဒ္ဒလဟုတာဒိဒွါဒသကကလာပ် ဟုဆိုအပ်သော) | **ဥတုဇကလာပ်** | = ၂–စည်း |
| | **အာဟာရဇကလာပ်** | = ၂–စည်း |
| | ပေါင်း | = ၁၈–ပါး မရအပ်။ |

**ဘုရား ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သော နိဗ္ဗာန်၏အမည်မှာ–**

ဝိပါက် ကမ္မဇရုပ် ခန္ဓာကြွင်းမရှိ၊ အဆုံးစွန် ပရိနိဗ္ဗာန်စံမှုဖြစ်သော "ခန္ဓနိဗ္ဗာန်၊ သမ္ပရာယိက နိဗ္ဗာန်တည်းဟူသော **အနုပါဒိသေသနိဗ္ဗာန်**" ဖြစ်ပါသည်။

==========================================================================

**[၂၀၀၄–ခုနှစ်]**

**(၈) မခွဲမခွာ အမြဲသာ တွဲကာနေသောရုပ်တို့ကို ဖော်ပြ၍၊ "ကံသာမူလ ပဓာန"ဟုဆိုကြရာ ထိုကံဟူသော အများပြောစကားကို တရားသဘောအရ တိကျစွာ ကောက်ပြပါ။**

**<u>မခွဲမခွာ အမြဲသာ တွဲကာနေသောရုပ်တို့မှာ–</u>**

"အဝိနိဗ္ဘောဂရုပ်" ၈–ပါးဖြစ်သော (မဟာဘုတ် ၄–ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇရုပ်) တို့ဖြစ်ပါသည်။

**လောကလူသား အသုံးများသည့် "ကံတရားပေါ့"ဟူသော စကားအပြောကို တရားသဘော သို့သွင်းပြရသော်–**

ကုသိုလ် စေတနာ – ၂၁ပါး, အကုသိုလ်စေတနာ – ၁၂ပါးဟူ၍ **ကံ– ၃၃** ပါးရှိ၏။

| | | |
|---|---|---|
| **<u>ထိုတွင် အတိတ်ဖြစ်သော</u>** | အကုသိုလ်စေတနာ | = ၁၂–ပါး၊ |
| | ကာမကုသိုလ် စေတနာ | = ၈–ပါး၊ |
| | ရူပကုသိုလ်စေတနာ | = ၅–ပါး၊ |
| | ပေါင်း | = ၂၅–ပါး သော ကံတို့သည် ရုပ်ကိုဖြစ်စေ၏။ |

အရူပ ကုသိုလ်စေတနာ = ၄-ပါး၊
လောကုတ္တရာ ကုသိုလ်စေတနာ = ၄-ပါးတို့သည် ရုပ်ကို မဖြစ်သောကံတရားများ ဖြစ်ကြပါသည်။

---

**(၉) နှလုံးသည် စိတ်ကြောင့်ဖြစ်သည်ဟု ဆိုလျှင် လက်ခံသင့် မသင့် စိစစ်ပြ၍ အဖွဲ့အစည်း အစိတ်အပိုင်းတွင် မပါဝင်သော ရုပ်တို့ကိုလည်း အကြောင်းနှင့်တကွ ဖြေပြပါ။**

**နှလုံး(ဟဒယဝတ္ထုရုပ်)သည် စိတ်ကြောင့်ဖြစ်သည်ဟု ဆိုလျှင် လက်ခံရန် မသင့်ပါ။**

<u>အကြောင်းမှာ</u>

ထိုဟဒယဝတ္ထုရုပ်သည် ကံကြောင့်ဖြစ်သော ကမ္မဇကေန်ရုပ် ဖြစ်သောကြောင့် ဖြစ်ပါသည်။

**အဖွဲ့အစည်း(ကလာပ်) စာရင်းထဲ မပါဝင်သော ရုပ် တို့မှာ-**

<u>"ကလာပ်ဝိမုတ်ရုပ် ၅-ပါး"ဖြစ်သော</u>

အာကာသဓာတ် ပရိစ္ဆေဒရုပ် (၁)ပါးနှင့် လက္ခဏာရုပ်(၄)ပါးတို့ ဖြစ်ပါသည်။

**အာကာသဓာတ်ပရိစ္ဆေဒရုပ်သည် =** ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊

**လက္ခဏာရုပ် ၄-ပါးတို့သည် =** ရုပ်ကလာပ်တို့၏ ဖြစ်၊တည်၊ ပျက် သဘော လက္ခဏာ မျှသာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊

ကလာပ်စည်းဖွဲ့ရာတွင် မပါဝင်သော ကလာပ်ဝိမုတ်ရုပ် ဖြစ်ရခြင်း ဖြစ်ပါသည်။

---

**(၁၀) အဘယ်ကို ကလလရေကြည်ခေါ်သည်ကို ဖော်ပြ၍၊ ရုပ်တို့၏ ဖြစ်ပျက်ပုံကို ဌာန၊ ကာလအားဖြင့် ခွဲခြားပြပါ။**

<u>ကလလရေကြည် ဆိုသည်မှာ-</u>

ယခုဖွားစဖြစ်သော သိုး၏အမွေး (သို့) ဟိမဝန္တာတော၌ သိမ်မွေ့သော ဇာတိမည်သော သားကောင်၏ အမွေး တစ်ချောင်းကို ကြည်လင်သော ဆီ၌နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ငြိကပ်နေသော ဆီပေါက်ပမာဏ ရှိ၏။ အလွန်ကြည်လင်၏။

ယင်းသေးငယ်လှသော ကလလရေကြည်၌ (ကာယ၊ ဘာဝ၊ ဝတ္ထု ကမ္မဇကကလာပ် ၃-စည်း) ရုပ်ပေါင်း ၃၀-နှင့် ပဋိသန္ဓေစိတ်၊ စေတသိက် ခန္ဓာ ၅-ပါးတို့သည် တကွဖြစ်ကြပါသည်။ (နပုံးတို့၌ ဘာဝဒသကကလာပ်ကို မရကြပါ။)

<u>ရုပ်တို့၏ ဖြစ်ပျက်ပုံကို ဌာန၊ ကာလအားဖြင့် ခွဲခြားပြရသော်</u>-

ရုပ်တို့ဖြစ်ပျက်ရာ **ဌာန** (၃)ဌာန ရှိပါသည်၊ **ကာလ** အားဖြင့် (၂) မျိုးရှိပါသည်။

**ၚင်းတို့တွင်** -<u>**ရုပ်ဖြစ်ရာ (၃) ဌာနမှာ**</u>

**၁။** ကာမဘုံ (၁၁)ဘုံ **၂။** အသညသတ်ကြဉ်ရူပ(၁၅)ဘုံ **၃။**အသညသတ်ဘုံတို့ဖြစ်ပါသည်။

<u>**ရုပ်ဖြစ်ပုံကာလ အားဖြင့် (၂) မျိုး**</u>

**၁။ ပဋိသန္ဓေအခါ** ရုပ်တို့ ဖြစ်ပျက်ပုံနှင့်၊

**၂။ ပဝတ္တိအခါ** ရုပ်တို့ဖြစ်ပျက်ပုံ အပြားတို့ဖြင့် သိထိုက်ပါသည်။ [ သင်္ဂြိုဟ်ရှင်းတမ်း-၃၈၆]

===

**[၂၀၀၅–ခုနှစ်]**

**(၈) အာပေါဓာတ်ကို တွေ့ထိလို့ ရ–မရ ဆုံးဖြတ်ပြ၍ "မီး၌ ရေရှိသည်၊ ရေ၌ မီးရှိသည်"ဟုဆိုကြရာ ရေနှင့်မီး ဘာကိုရွေးမလဲ ခွဲခြား၍ ရ–မရ ရဲရဲကြီး ဆုံးဖြတ်ပေဖန်ပြပါ။**

**အာပေါဓာတ်ကို တွေ့ထိလို့မရနိုင်ပါ။**

**အကြောင်းမှာ–** အာပေါဓာတ်သည် အလွန်သိမ်မွေ့သည့် အတွက် တွေ့ထိ၍ မရကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံအဖြစ် မပါဝင်ဘဲ ကြဉ်ထားသော ရုပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

**"မီး၌ ရေရှိသည်၊ ရေ၌ မီးရှိသည်"ဟုဆိုကြရာ ရေနှင့်မီး ကို ခွဲခြား၍ မရပါ ။**

**အကြောင်းမှာ –** ရေဟူသော အာပေါဓာတ်လွန်သည့် ရုပ်တရားတို့၌ အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ မီးဟူသော တေဇောဓာတ်လွန်ကဲသည့် ရုပ်တရားတို့၌လည်း အဝိနိဗ္ဘောဂရုပ် ၈–ပါး ပါဝင်နေပြီး ထိုအဝိနိဗ္ဘောဂရုပ် ၈–ပါးတို့မှာ တစ်ခုနှင့်တစ်ခု ခွဲခြားမရသောရုပ်များဖြစ်သော ကြောင့် ဖြစ်ပါသည်။

---

**(၉) ကံကြောင့်သာဖြစ်သောရုပ်တို့ကို ဖော်ပြ၍ သီချင်းသံနှင့် ခေါင်းလောင်းသံတို့သည် အဘယ်ကြောင့်ဖြစ်သည်ကိုလည်းခွဲခြားပြပါ။**

**<u>ကံကြောင့်သာဖြစ်သောရုပ်တို့မှာ–</u>**

| | | | |
|---|---|---|---|
| **ကမ္မဇကေန်ဖြစ်သော** | = | ပသာဒရုပ် | ၅–ပါး၊ |
| | = | ဘာဝရုပ် | ၂–ပါး၊ |
| | = | ဟဒယရုပ် | ၁–ပါး၊ |
| | = | ဇီဝိတရုပ် | ၁–ပါး၊ |
| | | ပေါင်း | ၉–ပါး တို့ ဖြစ်ပါသည်။ |

**<u>သီချင်းသံသည်</u>** –"စိတ်" ကြောင့်ဖြစ်သော စိတ္တဇသဒ္ဒရုပ် ဖြစ်ပါသည်။

**<u>ခေါင်းလောင်းသံသည်</u>** –"ဥတု" ကြောင့်ဖြစ်သော ဥတုဇသဒ္ဒရုပ် ဖြစ်ပါသည်။

---

**(၁၀) ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီမိဖုရား၏ သန္တာန်၌ အနည်းဆုံး ရနိုင်သောရုပ်ကလာပ်တို့ကို ရေးသားပြ၍၊ နိဗ္ဗာန်မည်ခြင်းအကြောင်းကိုလည်း ရေးသားပြပါ။**

**ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီမိဖုရား၏ သန္တာန်၌ အနည်းဆုံးရနိုင်သော ရုပ်ကလာပ်တို့မှာ–**

**ပဋိသန္ဓေအခါ–** (သံသေဒဇဖြစ်၍) ကမ္မဇရုပ်များ ဖြစ်ရာအခါ၌ ဃာနဒ္ဒေရုပ်များ ပြည့်စုံစွာ တစ်ပါးတည်း ဖြစ်ကြသောကြောင့် ဇီဝိတနဝကကလာပ်နှင့် ပုမ္ဘာဝဒသကကလာပ်ကြဉ်သော ကမ္မဇကလာပ် (၇) စည်းလုံးကို ရ၏။

**နိဗ္ဗာန်မည်ခြင်းအကြောင်းမှာ–** သတ္တဝါတို့ကို သံသရာဝဋ်၌ ချုပ်တတ်၊ မြှေးယှက်တတ်သောကြောင့် ဝါန မည်သော တဏှာမှ ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မည်ပါသည်။

---

**[၂၀၀၆–ခုနှစ်]**

**(၈) ပျိုမျစ်နုနယ်သော ခန္ဓာ၏ မမြဲမှု၊ ရင့်ရော်မှုတို့သည် မည်သည့်ရုပ်တို့၏ သဘောလက္ခဏာများ ဖြစ်သည်ကို အမည်မျှ ရေးသား၍၊ အာရုံကို ယူတတ်သောရုပ်တို့ကိုလည်း ရောက် မရောက်၏ အစွမ်းဖြင့် ခွဲဝေပြပါ။**

**ပျိုမျစ်နုနယ်သော ခန္ဓာ၏ မမြဲမှု၊ ရင့်ရော်မှုတို့သည်** "အနိစ္စတာရုပ်နှင့် ဇရတာရုပ်" တို့၏ သဘောလက္ခဏာများ ဖြစ်ပါသည်။

**<u>အာရုံကို ယူတတ်သောရုပ်တို့ကိုလည်း ရောက် မရောက်၏ အစွမ်းဖြင့် ခွဲဝေပြရသော်–</u>**

- စက္ခုပသာဒနှင့် သောတပသာဒရုပ်တို့သည် မိမိထံသို့ လာရောက်သည်ဖြစ်စေ၊ မလာရောက်သည် ဖြစ်စေ မထိရောက် မကပ်ငြိခင်ကပင် အာရုံတို့ကို ယူတတ်သည့် " အသမ္ပတ္တဂါဟကရုပ်များဖြစ်ကြ ပါသည်။
- ဃာန၊ ဇိဝှါ၊ ကာယပသာဒရုပ် (၃)ပါးမှာမူ မိမိထံသို့ ထိရောက်ကပ်ငြိသော အာရုံကိုသာ ယူနိုင်သော "သမ္ပတ္တဂါဟကရုပ်များ" ဖြစ်ကြပါသည်။

---

**(၉) အဆီအနှစ်များသော အစာသည် (က) အဘယ်ရုပ်ကို (ခ) အဘယ်အချိန်၌ (ဂ) အဘယ်သို့ ဖြစ်စေသည်ကို ဖြေဆို၍၊ အလောင်းကောင်၌ ကြွင်းကျန်သော ရုပ်ကလာပ်တို့ကိုလည်းရေးသားပြပါ။**

**<u>အဆီအနှစ်များသော အစာ ( ကဗဠီကာရာဟာရဩဇာရုပ်)သည်–</u>**

(က) ကာမဘုံသား အဇ္ဈတ္တအာဟာရဇရုပ်ကို

(ခ) အဇ္ဈတ္တ၊ ဗဟိဒ္ဓ အာဟာရနှစ်ပါး အချင်းချင်း ငြိသို့ရောက်၍ ရောနှောမိချိန်၌

(ဂ) ကာမဘုံတွင် ပဝတ္တိအခါ အဇ္ဈတ္တသန္တာန်၌ ခဏတိုင်းခဏတိုင်း အာဟာရဇ အဋ္ဌကလာပ်ရုပ် ကို ဖြစ်စေ၏။

**<u>အလောင်းကောင်၌ ကြွင်းကျန်သော ရုပ်ကလာပ်တို့မှာ–</u>**

**ဥတုဇကလာပ် ၄–စည်းမှ** – သုဒ္ဓဋ္ဌကကလာပ် နှင့်
– သဒ္ဒနဝကကလာပ် (၂) စည်းသာကြွင်းကျန်ပါသည်။

---

**(၁၀) "အဖွဲ့အစည်း" တစ်ခုဝခုတွင် ပါဝင်လိုသောရုပ်၏ ပြည့်စုံရမည့် လက္ခဏာများကို ရေးသားပြ၍ ရုပ–၁၅–ဘုံ၌ မရနိုင်သောရုပ်တို့ကိုလည်း တိကျစွာ ဖော်ပြပါ။**

**"အဖွဲ့အစည်း" တစ်ခုခုတွင် ပါဝင်လိုသော ရုပ်၏ ပြည့်စုံရမည့် လက္ခဏာများမှာ–**

(၁) ဧကုပ္ပါဒ = အတူတကွ ဖြစ်ခြင်း

(၂) ဧကနိရောဓ = အတူတကွ ချုပ်ခြင်း

(၃) ဧကနိဿယ = တူသော မှီရာရှိခြင်း

(၄) သဟဝုတ္တိ = ဤအင်္ဂါ ၃–ပါးနှင့်ညီစွာ အတူတကွ ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

<u>ရူပ ၁၅-ဘုံ၌ မရနိုင်သောရုပ်များမှာ</u>

| | |
|---|---|
| ဃာနပသာဒရုပ် | ၁-ပါး၊ |
| ဇိဝှါပသာဒရုပ် | ၁-ပါး၊ |
| ကာယပသာဒရုပ် | ၁-ပါး၊ |
| ဘာဝရုပ် | ၂-ပါး၊ |
| ပေါင်း | (၅)ပါး တို့ ဖြစ်ကြပါသည်။ |

===

**[၂၀၀၇-ခုနှစ်]**

**(၈) "တေဇောမပိုင် ဆေးမကိုင်နဲ့"ဟူသောစကား၌ "တေဇော" ဟူသည် အဘယ်နည်း ဖြေဆို၍ ၊ ယောဂီ အများ သိထားဖို့ရန် ဝိပဿ နာ မရှုကောင်းသော ရုပ်တို့ကိုလည်းကောက်ပြခဲ့ပါ။**

<u>တေဇောဟူသည်မှာ-</u>

ပရမတ်ရုပ် ၁၈-ပါးတွင် ပါဝင်သော မဟာဘုတ်ရုပ် ၄-ပါးအနက် ချမ်းအေးမှု (သီတ)၊ ပူနွေးမှု (ဥဏှ) ဟု ဆိုအပ်သော မီး၂-ပါး ဖြစ်ပါသည်။

<u>ဝိပဿ နာ မရှုကောင်းသော (အသမ္မသန) ရုပ်တို့မှာ-</u>

| | |
|---|---|
| အာကာသဓာတ် ပရိစ္ဆေဒရုပ် ၁-ပါး | |
| ဝိညတ်ရုပ် | ၂-ပါး |
| လဟုတာဒိရုပ် | ၃-ပါး |
| လက္ခဏရုပ် | ၄-ပါး |
| ပေါင်း | ၁၀-ပါး ဖြစ်ပါသည်။ |

---

**(၉) "စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု" ဟူသော စကားအရ ရုပ်ကိုဖြစ်စေနိုင်သော စိတ်များကို ရေတွက်ပြပြီး၊ စာဖြေသူတို့သန္တာန်၌ ပဋိသန္ဓေနေခိုက် ရနိုင်သော ရုပ်ကလာပ် များကိုလည်း ဖော်ပြခဲ့ပါ။**

**"စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု" ဟူသော စကားအရ ရုပ်ကိုဖြစ်စေနိုင်သော စိတ်များမှာ-**

(ဒွေပဉ္စဝိညာဏ် -၁၀၊ အရူပဝိပါက် -၄၊ ရဟန္တာတို့စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ် ကြဉ် သော) စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါးတို့သည် ရုပ်ကိုဖြစ်စေသောစိတ် (နာမ်တရား)များ ဖြစ်ပါသည်။

**စာဖြေသူသည် ပဋိသန္ဓေနေခိုက်ရနိုင်သော ရုပ်ကလာပ်တို့မှာ-** **<u>(ကမ္မဇကလာပ် ၉-စည်းမှ)</u>**

| | | |
|---|---|---|
| (၁) | ကာယဒသက ကလာပ် | ၁-စည်း |
| (၂) | ဣတ္ထိဘာဝဒသက ကလာပ် | ၁-စည်း |
| (၃) | ဝတ္ထုဒသက ကလာပ် | ၁-စည်း |
| | ပေါင်း ကမ္မဇကလာပ် | ၃-စည်း ရပါသည်။ |

---

**(၁၀) ရုပ်လေးပါးဖြစ်ပုံကို ဥပမာဆောင်၍ ထင်ရှားအောင် ဖော်ပြပြီးလျှင်၊ ရူပဘုံ၌ ပဝတ္တိအခါ ရနိုင်သော ရုပ်များကိုလည်း ရေတွက်ခဲ့ပါ။**

**<u>ရုပ်လေးပါးတို့ ဖြစ်ပုံကို ဥပမာဆောင်ကာ ထင်အောင်ပြရသော်–</u>**

ကံ, စိတ်, ဥတု၊ အာဟာရ အကြောင်းလေးဖြာကြောင့်ဖြစ်သော ရုပ်ကလာပ် အစဉ်သည် ကာမဘုံ၌ ဆီမီးအလျှံကဲ့သို့ လည်းကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့ လည်းကောင်း၊ အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်မစဲ တဖွဲဖွဲ ဖြစ်ပါသည်။ [ သင်္ဂြိုဟ် ရှင်းတမ်း–နှာ ၃၈၀ ]

**ရူပဘုံ၌ ရထိုက်သော ရုပ်များ–**

**<u>(က) အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၌ ရထိုက်သော ရုပ်များမှာ–</u>**

| | |
|---|---|
| မဟာဘုတ်ရုပ် | ၄–ပါး |
| စက္ခုပသာဒ၊ သောတပသာဒရုပ် | ၂–ပါး |
| ဂေါစရရုပ် (ဝဏ္ဏ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ) | ၄–ပါး |
| ဟဒယရုပ် | ၁–ပါး |
| ဇီဝိတရုပ် | ၁–ပါး |
| အာဟာရရုပ် (ဩဇ) | ၁–ပါး |
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | ၁–ပါး |
| ဝိညတ်ရုပ် | ၂–ပါး |
| လဟုတာဒိရုပ် | ၃–ပါး |
| လက္ခဏရုပ် | ၄–ပါး |
| ပေါင်း | ၂၃–ပါး ဖြစ်ပါသည်။ |

**<u>(ခ) အသညသတ်ဘုံ၌ ရထိုက်သောရုပ်များ</u>**

| | |
|---|---|
| မဟာဘုတ်ရုပ် | ၄–ပါး |
| ဂေါစရရုပ် (ဝဏ္ဏ၊ ဂန္ဓ၊ ရသ) | ၃–ပါး |
| ဇီဝိတရုပ် | ၁–ပါး |
| အာဟာရရုပ် (ဩဇ) ၁–ပါး | |
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | ၁–ပါး |
| လဟုတာဒိရုပ် | ၃–ပါး |
| လက္ခဏရုပ် | ၄–ပါး |
| ပေါင်း | ၁၇–ပါး ဖြစ်ပါသည်။ |

==========================================================================

**[၂၀၀၈–ခုနှစ်]**

**(၈) အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟုဆိုရာ အစားအစာတွင် ပါဝင်သော အာဟာရဓာတ်တို့သည် အဘယ်အခါမှစ၍ လူကို အားဖြစ်စေပါသနည်း၊ ဖြေဆို၍ (က) ရုပ်ကို မဖြစ်စေနိုင်သောစိတ်၊ (ခ) ရုပ်ကိုသာ ဖြစ်စေနိုင်သောစိတ်တို့ကိုလည်း ရေးပြခဲ့ပါ။**

**အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟုဆိုရာ အစားအစာတွင် ပါဝင်သော အာဟာရဓာတ် (ဗဟိဒ္ဓဩဇ)တို့သည်**– ကိုယ်တွင်းရှိ အဇ္ဈတ္တဩဇနှင့် ပူးပေါင်းပြီး ဌီသို့ ရောက်၍ ရောနှောမိချိန်မှစ၍ လူကို အားဖြစ်စေပါသည်။

<u>**ရုပ်ကို မဖြစ်စေနိုင်သောစိတ်တို့မှာ–**</u>

ဒွေပဉ္စဝိညာဏ် ၁၀–ပါး၊

အရူပဝိပါက်စိတ် ၄–ပါး၊

ရဟန္တာတို့၏ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

<u>**ရုပ်ကိုသာ ဖြစ်စေနိုင်သောစိတ်တို့မှာ–**</u>

| | |
|---|---|
| မနောဓာတ် | ၃–ပါး |
| တဒါရုံ | ၁၁–ပါး |
| ရူပဝိပါက်စိတ် | ၅–ပါး |
| ပေါင်း | ၁၉–ပါး ဖြစ်ပါသည်။ |

---

**(၉) လူတစ်ယောက် အမှန်တကယ် သေ မသေ သိနိုင်ရန် မည်သည့်အရာတို့ဖြင့် တိုင်းတာ ဆုံးဖြတ်ရမည်နည်း။ အဘိဓမ္မာဒေသနာတော်နည်းအရ ဖြေဆိုပြ၍ လူ့ခန္ဓာကိုယ်ရှိ ဝတ္ထုများ အနက် (က)လူနှင့် အတူ သေသောရုပ် (ခ) လူသေပြီးမှ သေသောရုပ် (ဂ) လူပင်သေသော်လည်း မသေဘဲ ဆက်လက်ဖြစ်နေဆဲသောရုပ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။**

**လူတစ်ယောက် အမှန်တကယ် သေ မသေ သိနိုင်ရန် တိုင်းတာ ဆုံးဖြတ်ရမည့်အရာတို့မှာ–**

(၁) အာယု – ဟုခေါ်သော အသက်၊ (ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်)

(၂) ဥသ္မာ – ဟုခေါ်သော ကိုယ်ငွေ့တေဇော

(၃) ဝိညာဏံ – ဟုခေါ်သော စုတိဝိပါက်စိတ်

ဤသုံးပါးသောတရားတို့ တစ်ပြိုင်နက် ချုပ်လျှင် သေသည်ဟု ခေါ်ပါသည်။

<u>**လူ့ခန္ဓာရှိ ရုပ်ဝတ္ထုများအနက်–**</u>

(က) လူနှင့်အတူ သေသောရုပ် – ကမ္မဇရုပ်

(ခ) လူသေပြီးမှ သေသောရုပ် – စိတ္တဇရုပ်နှင့် အာဟာရဇရုပ်

(ဂ) လူပင်သေသော်လည်း မသေဘဲ ဆက်လက်ဖြစ်နေဆဲရုပ် – ဥတုဇရုပ် တို့ ဖြစ်ပါသည်။

---

**(၁၀) ဗုဒ္ဓဘာသာတို့၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သော နိဗ္ဗာန်မည်ပုံနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ကို မှန်းဆ၍ သိနိုင်ပုံတို့ကို ရေးပြခဲ့ပါ။**

(၁) လပြည့်ဝန်းကို မျက်စိဖြင့် ဒိဋ္ဌပစ္စက္ခ မြင်ရသလို နိဗ္ဗာန်ကို မဂ်ဉာဏ် ၄–ပါးတည်းဟူသော ဓမ္မစက္ခု ဖြင့် ဒိဋ္ဌပစ္စက္ခမြင်အပ် မျက်မှောက်ပြုအပ်၏။

(၂) မဂ်၊ ဖိုလ်၊ ဝေါဟာရတွက်၊ ဝေါဒါနီ၊ အာဝဇ္ဇန်း၊ ပစ္စဝေက္ခဏာဇောတို့၏ အာရုံ ဖြစ်၏။

(၃) လောကုတ္တရာဇာတ် ဖြစ်၍၊ တဏှာ၏ အာရုံပြုခြင်း မခံရသော တရားဖြစ်၏။

**<u>ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ကို မှန်းဆ၍ သိနိုင်ပုံမှာ</u>**

ပုထုဇဉ်တွေတို့မှာ နိဗ္ဗာန်ကိုတိုက်ရိုက်အာရုံမပြုနိုင်သောကြောင့်၊ နိဗ္ဗာန်ကို ရည်မှန်း၍ ဆုတောင်းရာ ကမ္မဋ္ဌာန်းစီးဖြန်းရာ စသည်တို့၌ အနုမာနဉာဏ်ဖြင့် ရော်ရမ်းမှန်းဆလျက် နိဗ္ဗာန်၏ အေးငြိမ်းပုံ အခြင်းအရာ အာကာရ ပညတ်လောက်ကို အာရုံပြုနိုင်ပါသည်။ [ ဘာသာဋီကာ -၆၅၈]

==========================================================

**[၂၀၀၉–ခုနှစ်]**

**(၈) "ရယ်သောသူသည် အသက်ရှည်၏။"ဟု ဆိုကြရာ ရယ်ရွှင်မှုကို ဖြစ်စေနိုင်သော စိတ်တို့ကို ဖော်ပြ၍ "တေဇောမပိုင် ဆေးမကိုင်နှင့်"ဟူသော ဆိုရိုးစကားအရ၊ တေဇောဓာတ်ဟူသည် အဘယ်ကို ဆိုလိုပါသနည်း ဖြေဆိုပါ။**

**ရယ်သောသူသည် အသက်ရှည်၏။"ဟု ဆိုကြရာ ရယ်ရွှင်မှုကို ဖြစ်စေနိုင်သော စိတ်များမှာ–**

| | |
|---|---|
| လောဘမူ သောမနဿ စိတ် | ၄–ပါး |
| မဟာကုသိုလ် သောမနဿ စိတ် | ၄–ပါး |
| ဟသိတုပ္ပါဒ်စိတ် | ၁–ပါး |
| မဟာကြိယာ သောမနဿ စိတ် | ၄–ပါး |
| ပေါင်း ကာမာဝစရသောမနဿ စိတ် | ၁၃–ပါး ဖြစ်ပါသည်။ |

**"တေဇောမပိုင် ဆေးမကိုင်နှင့်"ဟူသောဆိုရိုးစကားအရ၊ တေဇောဓာတ်ဟူသည်မှာ–**

ပရမတ်ရုပ် ၁၈–ပါးတွင် ပါဝင်သော မဟာဘုတ်ရုပ် ၄–ပါးအနက် ချမ်းအေးမှု(သီတ)၊ ပူနွေးမှု (ဥဏှ) ဟုဆိုအပ်သော မီး ၂–ပါး ဖြစ်ပါသည်။

---

**(၉) စိတ်ဟူသော အကြောင်းတရားက ရုပ်ကို ဖြစ်စေနိုင်ရာ (က) ဖြစ်စေနိုင်သောစိတ် (ခ) မဖြစ်စေနိုင်သော စိတ်တို့ကို ခွဲခြားပြ၍၊ မည်သည့်အကြောင်းတရားကြောင့်မျှ မဖြစ်သောရုပ်တို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။**

**<u>(က) ရုပ်ကိုဖြစ်စေနိုင်သော စိတ်များမှာ–</u>**

(ဒွေပဉ္စဝိညာဉ် -၁၀၊ အရူပဝိပါက်-၄၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ် ကြဉ်သော်) စိတ် ၇၅–ပါး၊ စေတသိက် ၅၂–ပါးတို့သည် ရုပ်ကို ဖြစ်စေသော စိတ်(နာမ်) များ ဖြစ်ပါသည်။

**<u>(ခ) ရုပ်ကို မဖြစ်စေနိုင်သော စိတ်များမှာ–</u>**

ဒွေပဉ္စဝိညာဉ်–၁၀၊ အရူပါဝိပါက်–၄၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်များ ဖြစ်ပါသည်။

**<u>မည်သည့်အကြောင်းတရားကြောင့်မျှ မဖြစ်သော ရုပ်တို့မှာ–</u>**

ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်ဟူသော လက္ခဏရုပ် ၄–ပါး ဖြစ်ပါသည်။

**အကြောင်းမှာ–**

လက္ခဏာရုပ် ၄-ပါးသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်၊ တည်၊ ပျက် အမှတ်လက္ခဏာမျှသာဖြစ်၍ မည်သည့် အကြောင်းတရားကြောင့်မျှ မဖြစ်နိုင်သော ရုပ်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

---

**(၁၀) ပဋိသန္ဓေအခါ၌ဖြစ်သော သတ္တဝါ သုံးမျိုးတို့ကို ဖော်ပြ၍၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သော နိဗ္ဗာန်တွင် မည်ကဲ့သို့ ဂုဏ်ကျေးဇူးများရှိပါသနည်း။အဘိဓမ္မာအလိုကျတင်ပြ ဆွေးနွေးပါ။**

<u>ပဋိသန္ဓေအခါ၌ဖြစ်သော သတ္တဝါ သုံးမျိုးမှာ-</u>

၁။ သံသေဒဇ သတ္တဝါ

၂။ ဥပပါတ် သတ္တဝါ

၃။ ဇလာဗုဇ - အဏ္ဍဇ ခေါ် ဂဗ္ဘသေယျက သတ္တဝါတို့ ဖြစ်ပါသည်။

<u>နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးများမှာ</u>

(၁) အစ္စုတံ - စုတေရွေ့လျော သေဆုံးမှုသဘော မရှိသောတရား။

(၂) အစ္စန္တံ - စုတိဟူသော အဆုံးအပိုင်းအခြားမှ လွန်မြောက်သောတရား။

(၃) အသင်္ခတ - ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားတို့ဖြင့် ပြုပြင်စီရင်ခြင်း မခံရသောတရား။

(၄) အနုတ္တရံ - မိမိထက် လွန်မြတ်သောတရား မရှိသောတရား။

(၅) ပဒံ - အရိယာတို့သာ ရောက်သင့် ရောက်အပ်သောတရား ဖြစ်ပါသည်။

---

## [၂၀၁၀-ခုနှစ်]

**(၈) "တရားရှာ ကိုယ်မှာတွေ့" ဟူသော လောက ဆိုရိုးစကား မှန် မမှန် အဘိဓမ္မာစံဖြင့် ဖြေဆို၍၊ ပရမတ်အစစ်-ခတ်အနှစ်ဟူသော စကားအရ ပရမတ်အစစ်ဖြစ်သောတရားများကိုလည်း ဖော်ပြပါ။**

(သလက္ခဏရူပံ သမ္မသနရူပံ-ဟူသော သင်္ဂဟပါဠိကို ထောက်၍)သတ္တဝါတို့ ခန္ဓာကိုယ်ရှိ နိပ္ဖန္နရုပ်-၁၈ သည်လက္ခဏာယာဉ်သုံးပါးတင်၍ ဝိပဿနာရှုပွါးထိုက်သောရုပ်တရားဖြစ်သောကြောင့် "တရားရှာ ကိုယ်မှာတွေ့" ဟူသော လောကဆိုရိုးစကားမှန်ပါသည်။ (အဘိဓမ္မာသဘောနှင့်လည်းညီပါသည်။ [ ကိုင်းကုန်းသင်္ဂြိုဟ်ဆိုရိုးကျမ်း-၄၀၉]

<u>ပရမတ်အစစ်ဖြစ်သော တရားများမှာ-</u>

(အထည်ကိုယ် ရစကောင်းသော မိမိဆိုင်ရာလက္ခဏာရှိသော သဘာဝဓမ္မခေါ်)-

| | | |
|---|---|---|
| စိတ် | - | ၈၉-ပါး၊ |
| စေတသိက် | - | ၅၂-ပါး၊ |
| နိပ္ဖန္နရုပ် | - | ၁၈-ပါး၊ |
| နိဗ္ဗာန် | - | ၁-ပါး တို့ဖြစ်ပါသည်။ [သမုစ္စည်းပိုင်း မေးခွန်း] |

---

**(၉) စိတ်ကြောင့် ရုပ်ဖြစ်သည်ဟုဆိုလျှင် (က) အဘယ်စိတ်က (ခ) အဘယ်ရုပ်ကို (ဂ) အဘယ်မှစ၍ (ဃ) အဘယ်ခဏ၌ ဖြစ်ပါသနည်း။ ဗုဒ္ဓအဘိဓမ္မာအရ အသီးသီး ခွဲခြားဖြေဆိုပါ။**

**စိတ်ကြောင့် ရုပ်ဖြစ်သည်ဟုဆိုလျှင်–**

(က) (ဒွေပဉ္စဝိညာဉ် ၁၀–ပါး၊ အရူပဝိပါက်စိတ် ၄–ပါး၊ ရဟန္တာတို့စုတိ၊ အလုံးစုံသော ပဋိသန္ဓေကြဉ်သော) စိတ် ၇၅–ပါးက၊

(ခ) စိတ္တဇရုပ် ၁၅–ပါးကို

(ဂ) ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ခဏမှစ၍

(ဃ) ပဝတ္တိအခါ စိတ်တို့၏ ဥပါ ဒ် ခဏတိုင်း ခဏတိုင်း၌ ဖြစ်စေပါသည်။

---

**(၁၀) အဘယ်ကြောင့် အဘယ်တရားကို ဗုဒ္ဓဘာသာဝင် တို့၏ ဦးတည်ချက် နိဗ္ဗာန်ဟု ခေါ်ပါသနည်း၊ ဖြေဆို၍ ယင်းနိဗ္ဗာန်၏ ဂုဏ်ထူးဝိသေသ တို့ကိုလည်း ဖော်ထုတ်ပြပါ။**

**<u>နိဗ္ဗာန်ဟူသည်–</u>**

(၁) လပြည့်ဝန်းကို မျက်စိဖြင့် ဒိဋ္ဌပစ္စက္ခ မြင်ရသလို နိဗ္ဗာန်ကို မဂ်ဉာဏ် ၄–ပါးတည်းဟူသော ဓမ္မစက္ခု ဖြင့် ဒိဋ္ဌပစ္စက္ခမြင်အပ် မျက်မှောက်ပြုအပ်၏။

(၂) မဂ်၊ ဖိုလ်၊ ဂေါတြဘူ၊ ဝေါဒါန်၊ အာဝဇ္ဇန်း၊ ပစ္စဝေက္ခဏာဇောတို့၏ အာရုံ ဖြစ်၏။

(၃) လောကုတ္တရာဇာတ် ဖြစ်၍၊ တဏှာ၏ အာရုံပြုခြင်း မခံရသော တရားဖြစ်၏။

**<u>နိဗ္ဗာန်၏ ဂုဏ်ထူးဝိသေသများမှာ–</u>**

(၁) အစ္စုတံ – စုတေရွေ့လျော သေဆုံးမှုသဘော မရှိသောတရား။

(၂) အစ္စန္တံ – စုတိဟူသော အဆုံးအပိုင်းအခြားမှ လွန်မြောက်သောတရား။

(၃) အသင်္ခတ – ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားတို့ဖြင့် ပြုပြင်စီရင်ခြင်း မခံရသောတရား။

(၄) အနုတ္တရံ – မိမိထက် လွန်မြတ်သောတရား မရှိသောတရား။

(၅) ပဒံ – အရိယာတို့သာ ရောက်သင့် ရောက်အပ်သောတရား ဖြစ်ပါသည်။

---

**[ ၂၀၁၁–ခုနှစ်]**

**(၈) ရုပ်ဖြစ်ကြောင်းတရား လေးပါးတွင် ပါဝင်သော စိတ်အရ မယူရသော စိတ်တို့ကို ရေးပြ၍၊ ရုပ်ကို ဖြစ်စေသော ရုပ်တို့ကိုလည်း ရေးပြပါ။**

**<u>ရုပ်ဖြစ်ကြောင်းတရား လေးပါးတွင် ပါဝင်သော စိတ်အရ မယူရသော စိတ်တို့မှာ–</u>**

အရူပဝိပါက်စိတ် ၄–ပါး၊ ဒွေပဉ္စဝိညာဉ်စိတ် ၁၀–ပါး၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

**<u>ရုပ်ကိုဖြစ်စေသောရုပ်တို့မှာ–</u>**

ဥတု( တေဇောဓာတ်)နှင့်

အာဟာရ (ကာဗဠီကာရာဟာရ)ရုပ်တို့ ဖြစ်ပါသည်။

---

**(၉) သုဒ္ဓဋ္ဌက ကလာပ်အမျိုးအစားတို့ကို ရေးပြ၍ "ကလာပ်မဝင်၊ ရုပ်ငါးအင်" ကိုလည်း ဖော်ပြပါ။**

**သုဒ္ဓဋ္ဌက ကလာပ်အမျိုးအစားတို့မှာ-**

စိတ္တဇသုဒ္ဓဋ္ဌက ကလာပ်၊ ဥတုဇသုဒ္ဓဋ္ဌက ကလာပ်၊ အာဟာရဇသုဒ္ဓဋ္ဌက ကလာပ် တို့ဖြစ်ပါသည်။

**"ကလာပ်မဝင်၊ ရုပ်ငါးအင်"မှာ**

(၁) အာကာသဓာတ် ပရိစ္ဆေဒရုပ် ၁-ပါး

(၂) လက္ခဏရုပ် ၄-ပါး ၊ ပေါင်း **(၅)**ပါးတို့ဖြစ်ပါသည်။

---

**(၁၀) ရုပ်လေးပါးတို့၏ ဖြစ်စဉ်၊ ချုပ်စဉ်တို့ကို သိသာရုံမျှ ရေးသားပြ၍ နိဗ္ဗာန်အပြားကိုလည်း သဘာဝ အာကာရအားဖြင့် ခွဲခြားရေးသားပြပါ။**

**ရုပ်လေးပါးတို့၏ ဖြစ်စဉ်**

ပဋိသန္ဓေစိတ်၏ ဥပါဒ်ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ် [သင်္ဂြိုဟ်ရှင်းတမ်း-၃၈၀]

**ရုပ်လေးပါးတို့၏ ချုပ်စဉ်မှာ**

ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ် [သင်္ဂြိုဟ်ရှင်းတမ်း-၃၈၁]

**နိဗ္ဗာန်သည် သဘာဝအားဖြင့်**

ငြိမ်းအေးခြင်း သန္တိလက္ခဏာဟူသော သဘာဝအားဖြင့် တစ်ပါးသာရှိ၏။

**အာကာရအားဖြင့်**

(၁) ရာဂစသောကြောင့်ကြဖွယ် ပလိဗောဓ အမျိုးမျိုးမှ ကင်းငြိမ်သုဉ်းဆိတ်သော **သုညတနိဗ္ဗာန်**

(၂) ရာဂနိမိတ်စသော ဘေးရန်အပေါင်းနှင့် မဆက်ဆံသော **အနိမိတ္တနိဗ္ဗာန်**

(၃) အာသာ၊ တဏှာ စသော တောင့်တမှု၊ ပူပန်မှုတို့နှင့် မဆက်ဆံသော **အပ္ပဏိဟိတနိဗ္ဗာန်**ဟု ၃-ပါး အပြားရှိ၏။

---

**[၂၀၁၂-ခုနှစ်]**

**(၇) ရုပ် ၂၈ ပါးကို အမည် ၂ မျိုး၊ အမည် ၁၁ မျိုးနည်း တို့အားဖြင့် အကျဉ်းချုပ် ရေတွက်ပြ၍၊ဘယ်သူခွဲခွဲ အမြဲစည်းလုံးမည် ဟုဆိုရလောက်အောင် မခွဲမခွါ အမြဲသာ တွဲနေသော ရုပ်တို့ကိုလည်း ရေးပြပါ။**

**ရုပ် ၂၈ ပါးကို အမည် ၂ မျိုးအားဖြင့်**

၁။ မဟာဘုတ်ရုပ်

၂။ ဥပါဒါရုပ်

**အမည် ၁၁ မျိုးနည်းအားဖြင့်**

၁။ မဟာဘုတ်ရုပ်
၂။ ပသာဒရုပ်
၃။ ဂေါစရရုပ်
၄။ ဘာဝရုပ်
၅။ ဟဒယရုပ်
၆။ ဇီဝိတရုပ်
၇။ အာဟာရရုပ်
၈။ ပရိစ္ဆေဒရုပ်
၉။ ဝိညတ်ရုပ်
၁၀။ ဝိကာရရုပ်
၁၁။ လက္ခဏရုပ် တို့ဖြစ်ကြပါသည်။

**ဘယ်သူခွဲခွဲ အမြဲစည်းလုံးမည် ဟုဆိုရလောက်အောင် မခွဲမခွါ အမြဲသာတွဲနေသော ရုပ်တို့မှာ-**

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇရုပ် တို့ဖြစ်ပါသည်။

**(၈) စိတ်ကြောင့်ဖြစ်သောရုပ်အစုတွင် မပါဝင်သောစိတ်တို့ကို ရေးသားပြ၍ ဝိညတ် စသည်တို့နှင့် မရောမယှက် သက်သက် သီးသန့်ဖြစ်သော ရုပ်တို့ကိုလည်း ဖော်ထုတ်ပြပါ။**

**<u>စိတ်ကြောင့်ဖြစ်သောရုပ်အစုတွင် မပါဝင်သောစိတ်တို့မှာ–</u>**

အရူပဝိပါက်စိတ် ၄–ပါး၊ ဒွေပဉ္စဝိညာဉ်စိတ် ၁၀–ပါး၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

**<u>ဝိညတ်စသည်တို့နှင့် မရောမယှက် သက်သက် သီးသန့်ဖြစ်သော ရုပ်တို့မှာ–</u>**

မနောဓာတ် – ၃၊ တဒါရုံ – ၁၁၊ ရူပဝိပါက် – ၅ ပေါင်း(၁၉)ပါးသောစိတ်တို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့သည် ဝိညတ်စသည်တို့နှင့် မရောယှက်သော စိတ္တဇရုပ် သီးသန့် ဖြစ်သောရုပ်မည်၏။

---

**(၉) ကလလရေကြည် အမည်ရသော ကလာပ်စည်းတို့၏ အမည်တို့ကို ရေးသားပြ၍ ကမ္ဘာဦးလူသားများ ချို့တဲ့သောရုပ်ကလာပ်တို့ကိုလည်း ဖော်ထုတ်ပြပါ။**

**<u>ကလလရေကြည် အမည်ရသော ကလာပ်စည်းတို့၏ အမည်တို့မှာ</u>**

၁။ ကာယဒသကကလာပ်

၂။ ဘာဝဒသကကလာပ်

၃။ ဝတ္ထုဒသကကလာပ် တို့ဖြစ်ပါသည်။

**<u>ကမ္ဘာဦးလူသားများ ချို့တဲ့သောရုပ်ကလာပ်မှာ</u>**

ဘာဝဒသကကလာပ်ဖြစ်ပါသည်။

---

**(၁၀) သညာမရှိသောဘုံတို့၌ ရထိုက်သမျှသော ရုပ်တို့ကို ဖော်ထုတ်ပြ၍၊ ရုပ်တို့၏ ဖြစ်ပျက်ပုံကို ဘယ်ဌာန အဘယ်အပြားတို့ဖြင့် သိထိုက်သည်ကိုလည်း ဖြေဆိုပြပါ။**

**<u>သညာမရှိသောဘုံတို့၌ ရထိုက်သမျှသော ရုပ်တို့မှာ</u>**

၁။ အဝိနိဗ္ဘောဂရုပ် ၈ ပါး

| | | |
|---|---|---|
| ၂။ ဇီဝိတရုပ် | = | ၁ ပါး |
| ၃။ ပရိစ္ဆေဒရုပ် | = | ၁ ပါး |
| ၄။ လဟုတာဒိရုပ် | = | ၃ ပါး |
| ၅။ လက္ခဏရုပ် | = | ၄ ပါး |
| ပေါင်း | = | ၁၇ ပါးဖြစ်ပါသည်။ |

**ရုပ်တို့၏ ဖြစ်ပျက်ပုံကို ဘယ်ဌာန အဘယ်အပြားတို့ဖြင့် သိထိုက်သည်ကိုဖြေဆိုခြင်း–**

ရုပ်တို့ဖြစ်ပျက်ရာ ဌာန (၃)ဌာန ရှိပါသည်၊ ရုပ်ဖြစ်ပုံအပြားအားဖြင့် (၂) မျိုးရှိပါသည်။

**၎င်းတို့တွင် –** **<u>ရုပ်ဖြစ်ရာ (၃) ဌာနမှာ</u>** **၁။** ကာမဘုံ (၁၁)ဘုံ **၂။** အသညသတ်ကြဉ်ရူပ(၁၅)ဘုံ **၃။**အသညသတ်ဘုံတို့ဖြစ်ပါသည်။

**<u>ရုပ်ဖြစ်ပုံအပြားအားဖြင့် (၂) မျိုး</u>**

**၁။ ပဋိသန္ဓေအခါ** ရုပ်တို့ ဖြစ်ပျက်ပုံနှင့်၊

**၂။ ပဝတ္တိအခါ** ရုပ်တို့ဖြစ်ပျက်ပုံ အပြားတို့ဖြင့် သိထိုက်ပါသည်။

[ သင်္ဂြိုဟ်ရှင်းတမ်း–၃၈၆/ကိုင်းကုန်းသင်္ဂြိုဟ်ဆိုရိုးကျမ်း–၄၀၅]

**[၂၀၁၃–ခုနှစ်]**

**(၇) ပရမတ်အစစ် ဓာတ်အနှစ် ဟုဆိုကြရာ ရုပ်ပရမတ်ကို အစစ် အတု ခွဲခြားပြ၍ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည် ဟုဆိုရလောက်အောင် ခွဲခြား၍ မရကောင်းသော ရုပ်တို့၏ အမည်စာရင်းကိုလည်း ပြုစုပြပါ။**

**ပရမတ်အစစ် ဓာတ်အနှစ် ဟုဆိုကြရာ ရုပ်ပရမတ်က အစစ် အတု ခွဲခြားပြရသော်–**

| (က) ရုပ်အစစ် | | (ခ) ရုပ်အတု | |
|---|---|---|---|
| ၁။ မဟာဘုတ် | – ၄ ပါး | ၁။ ပရိစ္ဆေဒရုပ် | – ၁ ပါး |
| ၂။ ပသာဒရုပ် | – ၅ ပါး | ၂။ ဝိညတ်ရုပ် | – ၂ ပါး |
| ၃။ ဂေါစရရုပ် | – ၄ ပါး | ၃။ ဝိကာရရုပ် | – ၃ ပါး |
| ၄။ ဘာဝရုပ် | – ၂ ပါး | ၄။ လက္ခဏရုပ် | – ၄ ပါး |
| ၅။ ဇီဝိတရုပ် | – ၁ ပါး။ | ပေါင်း | – ၁၀ ပါး |
| ၆။ ဟဒယရုပ် | – ၁ ပါး | | |
| ၇။ အာဟာရရုပ် | – ၁ ပါး | | |
| ပေါင်း | – ၁၈ ပါး | | |

**ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည် ဟု ဆိုရလောက်အောင် ခွဲခြား၍ မရကောင်းသော ရုပ်တို့၏ အမည်စာရင်းမှာ–**

၁။ ပထဝီ ၂။ အာပေါ ၃။ တေဇော ၄။ ဝါယော ၅။ ဝဏ္ဏ
၆။ ဂန္ဓ ၇။ ရသ ၈။ ဩဇရုပ်တို့ဖြစ်ပါသည်။

---

**(၈) စေတနာမှန်သော ကံတရားဟုဆိုကြရာ (က) မှန်ကန်သောစေတနာ (ခ) မမှန်ကန်သောစေတနာ တို့ကို ကံကြောင့် ဖြစ်ကြရသော ရုပ်တရားများ ရှုကာ ခွဲခြားသုံးသပ်ပြ၍၊ မိုးချုန်းသံစကားပြောသံတို့ ဖြစ်ပေါ်လာရခြင်းအကြောင်းရင်း အခြေခံတရားတို့ကိုလည်း ရေးသားပြပါ။**

စေတနာမှန်သော ကံတရားဟုဆိုကြရာ

**(က) မှန်ကန်သောစေတနာ ဟူသည်မှာ**

မဟာကုသိုလ် ၈ ပါး
ရူပကုသိုလ် ၅ ပါး နှင့်ယှဉ်သောစေတနာ၊ ထိုစေတနာ(၁၃)ပါးကြောင့် ဖြစ်သော ရုပ်ကို **ကုသိုလ်ကမ္မဇ** ရုပ်ဟုခေါ်သည်။

**(ခ) မမှန်ကန်သောစေတနာ ဟူသည်မှာ**

အကုသိုလ်စိတ် ၁၂ ပါး နှင့်ယှဉ်သောစေတနာ၊ ထိုစေတနာ(၁၃)ပါးကြောင့် ဖြစ်သော ရုပ်ကို **အကုသိုလ်ကမ္မဇ** ရုပ်ဟုခေါ်သည်။

**မိုးချုန်းသံဖြစ်ပေါ်လာရခြင်းအကြောင်းရင်း** – ဥတု
**စကားပြောသံဖြစ်ပေါ်လာရခြင်းအကြောင်းရင်း** – စိတ် တို့ဖြစ်ပါသည်။

---

**(၉) အမိဝမ်းခေါင်း ကိန်းအောင်းကြပြား သတ္တဝါများတွင် ပဋိသန္ဓေအခါ ဖြစ်နိုင်သော ရုပ်ကလာပ်တို့ကို အမြဲ / တခါတရံ အားဖြင့် ခွဲခြားပြ၍၊ ကံကြောင့် ဖြစ်သောရုပ်တို့၏ နောက်ဆုံးဖြစ်ရာ ကာလနှင့် နောက်ဆုံးချုပ်ရာ ကာလတို့ကို အဘိဓမ္မာ အမြင်ဖြင့် တင်ပြပါ။**

**အမိဝမ်းခေါင်း ကိန်းအောင်းကြပြား သတ္တဝါများတွင် ပဋိသန္ဓေအခါ ဖြစ်နိုင်သော ရုပ်ကလာပ်တို့မှာ–**

| **<u>အမြဲအားဖြင့်</u>** | **<u>တခါတရံအားဖြင့်</u>** |
|---|---|
| ၁။ ကာယဒသကကမ္မဇကလာပ် | ၁။ ကာယဒသကကမ္မဇကလာပ် |
| ၂။ ဘာဝဒသကကမ္မဇကလာပ် | ၃။ ဝတ္ထုဒသကကမ္မဇကလာပ် တို့ဖြစ်ပါသည်။ |
| ၃။ ဝတ္ထုဒသကကမ္မဇကလာပ် တို့ဖြစ်ပါသည်။ | |

**<u>ကံကြောင့် ဖြစ်သောရုပ်တို့၏ နောက်ဆုံးဖြစ်ရာကာလ</u>**

စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ။

**<u>နောက်ဆုံးချုပ်ရာ ကာလ</u>**

စုတိစိတ်၏ ဘင်ကာလတို့ဖြစ်ပါသည်။

---

**(၁၀) ရူပဘုံသား ဗြဟ္မာကြီးများ သန္တာန်၌ ကာမစိတ်ဓာတ်ကို ပွားစေတတ်သော ဘာဝရုပ်တို့ ရနိုင်/မရနိုင် ခွဲခြားပြ၍၊ အိုနာသေရေး ဒုက္ခဘေးတို့၏ ကင်းရာ နိဗ္ဗာန်ဓာတ် တရားမြတ်ရတနာကို မိမိတို့၏ ပကတိ မျက်စိဖြင့် မြင်နိုင်/မမြင်နိုင်ကိုလည်း စိစစ်ပြပါ။**

**ရူပဘုံသား ဗြဟ္မာကြီးများ သန္တာန်၌ ကာမစိတ်ဓာတ်ကို ပွားစေတတ်သော ဘာဝရုပ်တို့ –**
မရနိုင်ပါ။ ခွဲခြားပြရလျှင် ဘာဝရုပ် ၂–ခုသည် ထူထဲသော ကာမရာဂ၏ မှီရာအကြောင်းဖြစ်သော ကြောင့်လည်းကောင်း၊ ဗြဟ္မာတို့အား ကာမရာဂမရှိသောကြောင့်လည်းကောင်း ဗြဟ္မာကြီးများ၌ ဘာဝရုပ် ၂–ခု မရနိုင်ပါ။ [ သင်္ဂြိုဟ်မေးကွက်၊တွဲ–၂၊ ၁၈၇]

**အိုနာသေရေး ဒုက္ခဘေးတို့၏ ကင်းရာ နိဗ္ဗာန်ဓာတ် တရားမြတ်ရတနာကို–**
မိမိတို့၏ ပကတိ မျက်စိဖြင့် မမြင်နိုင်ပါ။ (နိဗ္ဗါန်ကို မဂ်ဉာဏ် ၄–ပါးရရှိပြီးသော အရိယာ ပုဂ္ဂိုလ်တို့သာ တိုက်ရိုက်မြင်နိုင်၍၊ ကလျာဏပုထုဇဉ် မိမိတို့မူကား မှန်းဆသောအားဖြင့်သာ မြင်နိုင်၏)။ [သင်္ဂြိုဟ်ရှင်းတမ်း–၃၈၈]

---

## [၂၀၁၄–ခုနှစ်]

**(၇) စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်တတ်သော စေတသိက်တရားများရှိသကဲ့သို့ မဟာဘုတ်၌ မှီတွယ် မဟာဘုတ်ကိုခြယ်လှယ်တတ်သော ရုပ်တရားတို့ကို သင်္ချာမျှထုတ်ပြ၍၊ ထိုရုပ်တရားတို့သည် လောကီ လောကုတ္တရာနှစ်မျိုးတွင် အဘယ်၌ ပါ ဝင်သည်ကို ခွဲခြားပြကာ၊ မိမိတစ်ဦးတည်းမရပ် တည်နိုင်ဘဲ အမှီရှိမှ ရပ်တည်နိုင်သော ရုပ်တရားတို့ကိုလည်း သရုပ်ထုတ်ပြပါ။**

စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်တတ်သော စေတသိက်တရားများရှိသကဲ့သို့ မဟာဘုတ်၌ မှီတွယ် မဟာဘုတ်ကိုခြယ်လှယ်တတ်သော ရုပ်တရားတို့မှာ သင်္ချာအားဖြင့် **၂၄–ပါး**ဖြစ်ပါသည်။

**<u>ထိုရုပ်တရားတို့သည် လောကီ လောကုတ္တရာနှစ်မျိုးတွင်–</u>**

လောကီ၌ ပါဝင်ပါသည်။

**ခွဲခြားပြရလျှင်** – ဥပါဒါန်၏ အာရုံဖြစ်သော သင်္ခါရလောက၌ ပါဝင်သောကြောင့် လောကိယ ချည်းသာဖြစ်ပါသည်။ လောကုတ္တရာ ရုပ်ဟူ၍မရှိပါ။ [ဆင်္ဂြိုဟ်ရှင်းတမ်း–၃၅၂]

**<u>မိမိတစ်ဦးတည်း မရပ်တည်နိုင်ဘဲ အမှီရှိမှ ရပ်တည်နိုင်သော ရုပ်တရားတို့မှာ</u>**

၁။ ပသာဒရုပ် – ၅ ပါး
၂။ ဂေါစရရုပ် – ၄ ပါး
၃။ ဘာဝရုပ် – ၂ ပါး
၄။ ဟဒယရုပ် – ၁ ပါး
၅။ ဇီဝိတရုပ် – ၁ ပါး
၆။ အာဟာရရုပ် – ၁ ပါး
၇။ ပရိစ္ဆေဒရုပ် – ၁ ပါး
၈။ ဝိညတ်ရုပ် – ၂ ပါး
၉။ ဝိကာရရုပ် – ၃ ပါး
၁၀။ လက္ခဏရုပ် – ၄ ပါး

ပေါင်း – ၂၄ ပါး သော ဥပါဒါရုပ်တို့ဖြစ်ကြပါသည်။

---

**(၈) မခွဲမခွာ အမြဲသာတွဲကာနေကြသည့် ရုပ်တရားတို့ကို ထုတ်ပြ၍ ပြုံးပျော်ရယ်ရွှင်ခြင်း ကိုဖြစ်စေတတ်သော စိတ်တို့ကိုလည်း ဖော်ထုတ်ပြပါ။**

**<u>မခွဲမခွာ အမြဲသာတွဲကာနေကြသည့် ရုပ်တရားတို့မှာ–</u>**

ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ(အာဟာရ)၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော အားဖြင့် ၈–ပါးသော ရုပ်တို့ဖြစ်ပါသည်။

**<u>ပျော်ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်တို့မှာ</u>**

| | |
|---|---|
| လောဘမူ သောမနဿ သဟဂုတ်စိတ် | ၄–ပါး |
| မဟာကုသိုလ်သောမနဿ သဟဂုတ်စိတ် | ၄–ပါး |
| မဟာကြိယာ သောမနဿ သဟဂုတ်စိတ် | ၄–ပါး |
| ဟသိတုပ္ပါဒ်စိတ် | ၁–ပါး |
| ပေါင်း | ၁၃–ပါးတို့ဖြစ်ကြပါသည်။ |

---

**(၉) လူသားတို့၏ ခန္ဓာအတွင်းရှိ ရုပ်ဝတ္ထုများတွင် လူနှင့်အတူ သေသောရုပ် လူသေပြီးမှ သေသောရုပ် လူသေသော်လည်း ဆက်လက်ရှင်သန်နေသော ရုပ်တို့ကို ခွဲထုတ်ပြ၍၊ ကလာပ်ဖွဲ့စည်းရာ၌ ပါဝင်ခွင့်မရသောရုပ်တို့ကို ထုတ်ပြပါ။**

**<u>လူသားတို့၏ ခန္ဓာအတွင်းရှိ ရုပ်ဝတ္ထုများတွင်–</u>**

| | | |
|---|---|---|
| **လူနှင့်အတူ သေသောရုပ်** | = | ကမ္မဇရုပ် |
| **လူသေပြီးမှ သေသောရုပ်** | = | စိတ္တဇရုပ်၊ အာဟာရဇရုပ် |
| **လူသေသော်လည်း ဆက်လက် ရှင်သန်နေသောရုပ်** | = | ဥတုဇရုပ်တို့ဖြစ်ပါသည်။ |

<u>ကလာပ်ဖွဲ့စည်းရာ၌ ပါဝင်ခွင့်မရသောရုပ်</u>

ပရိစ္ဆေဒရုပ် ၁-ပါး၊ လက္ခဏရုပ် ၄-ပါးအားဖြင့် ပေါင်း ၅-ပါးတို့ဖြစ်ပါသည်။

---

**(၁၀) အသညသတ်ဖြဟ္မာများ ပဋိသန္ဓေအခါ၌သာ ရနိုင်သောရုပ်တို့ကို ထုတ်ပြ၍၊ ဘုရား ရဟန္တာတို့သည် သင်္ဂြိုဟ်သုခနိဗ္ဗာနဓာတ်ကြီးကို အာရုံပြုကြရာ ပရိနိဗ္ဗာန်မစံခင် အာရုံပြုအပ်သော နိဗ္ဗာန် ပရိနိဗ္ဗာန်စံပြီးနောက် အာရုံပြုအပ်သော နိဗ္ဗာန် အမည်တို့ကို ရေးပြပါ။**

<u>အသညသတ်ဖြဟ္မာများ ပဋိသန္ဓေအခါ၌သာ ရနိုင်သောရုပ်တို့မှာ-</u>

| | |
|---|---|
| ၁။ အဝိနိဗ္ဘောဂရုပ် | ၈-ပါး |
| ၂။ ဇီဝိတရုပ် | ၁-ပါး |
| ၃။ ပရိစ္ဆေဒရုပ် | ၁-ပါး |
| ၄။ ဥပစယ၊ သန္တတိ | ၂-ပါး |
| ပေါင်း | ၁၁-ပါး တို့ဖြစ်ပါသည်။ |

**ဘုရား ရဟန္တာတို့သည် သင်္ဂြိုဟ်သုခနိဗ္ဗာနဓာတ်ကြီးကို အာရုံပြုကြရာ-**

| | | |
|---|---|---|
| **ပရိနိဗ္ဗာန်မစံခင် အာရုံပြုအပ်သော နိဗ္ဗာန်** | = | သဥပါဒိသေသနိဗ္ဗာန် |
| **ပရိနိဗ္ဗာန်စံပြီးနောက် အာရုံပြုအပ်သော နိဗ္ဗာန်** | = | အနုပါဒိသေသနိဗ္ဗာန် တို့ဖြစ်ပါသည်။ |

---

## [၂၀၁၅-ခုနှစ်]

**(၇) ထိတွေ့ စမ်းသပ်၍ ရကောင်းသော အာရုံ (ဖောဋ္ဌဗ္ဗာရုံ) တွင် ပါဝင်သော ရုပ်တရား အစုကို ဖော်ထုတ်ရေးသား၍၊ ပရမတ္ထအားဖြင့် အထင်အရှား အထည်ကိုယ် ရကောင်းသော ရုပ်တရားများကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။**

**ထိတွေ့ စမ်းသပ်၍ ရကောင်းသော အာရုံ (ဖောဋ္ဌဗ္ဗာရုံ) တွင် ပါဝင်သော ရုပ်တရား အစုမှာ-**

(ပထဝီ , တေဇော , ဝါယော) ၃-ပါး တို့ ဖြစ်ပါသည်။

<u>ပရမတ္ထအားဖြင့် အထင်အရှား အထည်ကိုယ် ရကောင်းသော ရုပ်တရားများမှာ</u>

| | | |
|---|---|---|
| မဟာဘုတ်ရုပ် | - | ၄ ပါး |
| ပသာဒရုပ် | - | ၅ ပါး |
| ဂေါစရရုပ် | - | ၄ ပါး |
| ဘာဝရုပ် | - | ၂ ပါး |
| ဟဒယရုပ် | - | ၁ ပါး |
| ဇီဝိတရုပ် | - | ၁ ပါး |
| အာဟာရရုပ် | - | ၁ ပါး |
| ပေါင်း ပရမတ်ရုပ် | - | ၁၈ ပါး ဖြစ်ပါသည်။ |

---

**(၈) စိတ်ထောင်းတော့ ကိုယ်ကြေ ဟုဆိုကြရာ စိတ်အားလုံးက ကိုယ် (ရုပ်) ကို ဖြစ်စေနိုင် မဖြစ်စေနိုင် သည်ကို ရူပသမုဋ္ဌာနနယကို ရှမ်းျှော်သုံးသပ်ကာ ဆုံးဖြတ်ပြပြီးလျှင်၊ ရုပ်ကလာပ်တစ်ခုဟု ဆုံးဖြတ် သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါ လက္ခဏာများ ဖြစ်သော ဧကုပ္ပါဒ၊ ဧကနိရောဓ၊ ဧကနိဿယ၊ သဟဝုတ္တိတို့၏ အဓိပ္ပါယ်ကိုလည်း ရေးသား ဖြေဆိုခဲ့ပါ။**

စိတ်ထောင်းတော့ ကိုယ်ကြေ ဟုဆိုကြရာ စိတ်အားလုံးက ကိုယ် (ရုပ်) ကို မဖြစ်စေနိုင်ပါ။

အရူပဝိပါက် ၄ ပါး၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့ စုတိ၊ အလုံးစုံသော ပဋိသန္ဓေကြဉ်သော စိတ်တို့သည် <u>ရုပ်ကိုမဖြစ်စေနိုင်ပါ။</u> ၎င်း(၁၄)ပါးသောစိတ်မှတစ်ပါး ၇၅–ပါးသောစိတ်တို့သည် <u>ရုပ်ကို ဖြစ်စေပါသည်။</u>

<u>ရုပ်ကလာပ်တစ်ခုဟု ဆုံးဖြတ် သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါ လက္ခဏာများမှာ</u>

| | | |
|---|---|---|
| **ဧကုပ္ပါဒ** | – | အတူတကွ ဖြစ်ခြင်း။ |
| **ဧကနိရောဓ** | – | အတူတကွ ချုပ်ခြင်း။ |
| **ဧကနိဿယ** | – | တူသောမှီရာ ရှိခြင်း။ |
| **သဟဝုတ္တိ** | – | အသီးသီးသော ကလာပ်တူရုပ်များ အတူတကွ တစ်ပေါင်းတည်း ဖြစ်ရခြင်း တို့ဖြစ်ပါသည်။ |

---

**(၉) သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး ဆိုသလို လူသားတို့၏ ဂေဟစနစ် သာယာလှပဖို့ ချစ်ခင် နှစ်သက်စွာဖြင့် စိုက်ပျိုးလာကြသော သစ်တောသစ်ပင်၌ မည်သည့် ရုပ်ကလာပ်များ ပါဝင်ပါသနည်း ဖြေဆို၍၊ ယင်းရုပ်ကလာပ်များ၌ပါဝင်သောရုပ်တရားများကိုလည်းဖော်ထုတ် ရေးသားခဲ့ပါ။**

<u>**သစ်တောသစ်ပင်၌ ရနိုင်သော ရုပ်ကလာပ်**</u>

သုဒ္ဓဋ္ဌကနှင့် သဒ္ဒနဝကဟူသော <u>ဥတုဇကလာပ် ၂–စည်း</u> ပါဝင်ပါသည်။

<u>**သစ်တောသစ်ပင်၌ ရနိုင်သော ရုပ်ပေါင်း**</u>

အဝိနိဗ္ဘောဂရုပ် ၈–ခု၊ သဒ္ဒရုပ်ဟူသော ဥတုဇ သဒနဝက ကလာပ်ရုပ် ၉–ပါးဖြစ် ပါသည်။ ရုပ်ပိုင်း မေးခွန်း–၁၆၅]

---

**(၁၀) သာသနာရေး ဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ကြီးမှူး ကျင်းပသည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို ဖြေဆိုနေကြသော လူသားတို့၏ ပဋိသန္ဓေအခါ၌ ရရှိနိုင်သော ရုပ်ကလာပ်တို့ကိုဖြေဆို၍၊ ပုထုဇဉ် ယောဂီ သူတော်စင်သည် နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက် ပြုနိုင် မပြုနိုင်သည်ကို ယခု သင်ယူနေသော အဘိဓမ္မာအမြင်ဖြင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ခဲ့ပါ။**

<u>လူသားတို့၏ ပဋိသန္ဓေအခါ၌ ရရှိနိုင်သော ရုပ်ကလာပ်တို့မှာ</u>

– ကာယ ဒသက ကလာပ် ၁ စည်း

– ဆိုင်ရာ ဘာဝ ဒသက ကလာပ် ၁ စည်း

– ဝတ္ထု ဒသက ကလာပ် ၁ စည်း ပေါင်း ကလလရေကြည် ရုပ်ကလာပ် **၃ စည်း** ရပါသည်။

**ပုထုဇဉ် ယောဂီ သူတော်စင်သည် နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက် မပြုနိုင်ပါ။**

(နိဗ္ဗာန်ကို မဂ်ဉာဏ် ၄–ပါးရရှိပြီးသော အရိယာပုဂ္ဂိုလ်တို့သာတိုက်ရိုက်မြင်နိုင်၍၊ ကလျာဏ ပုထုဇဉ် ယောဂီသူတော်စင် တို့မူကား မှန်းဆသောအားဖြင့်သာ မြင်နိုင်၏)။ [သင်္ဂြိုဟ်ရှင်းတမ်း–၃၈၈]

---

**[၂၀၁၆–ခုနှစ်]**

**(၇) အတုအယောင်များမြောင်လှသော လောကတွင် ရုပ်အတုများရှိပါက ဖော်ထုတ်ပြ၍၊ အာကာသဓာတ် သည် မည်သည့်ရုပ်တရား မည်သည်ကိုလည်း ရှုပသမုဒ္ဒေသ ရှုမျှော်ကာဖြေဆိုပါ။**

**အတုအယောင်များမြောင်လှသော လောကတွင် ရုပ်အတု ၁၀–ပါးရှိပါသည်။** ၎င်း တို့မှာ–

| | | |
|---|---|---|
| အာကာသဓာတ် (ပရိစ္ဆေဒရုပ်) | = | ၁ ပါး |
| ဝိညတ်ရုပ် | = | ၂ ပါး |
| လဟုတာဒိရုပ် | = | ၃ ပါး |
| လက္ခဏရုပ် | = | ၄ ပါး |
| ပေါင်း | = | ၁၀ ပါး တို့ဖြစ်ပါသည်။ |

**အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်လေသည်။ အကြောင်းမှာ –**

ရုပ်ကလာပ်တို့ တစ်ခုနှင့်တစ်ခု မရောယှက်ရအောင် ပိုင်းခြားပေးတတ်သောကြောင့် အာကာသ ဓာတ်(အကြား) သည် ပရိစ္ဆေဒရုပ် (ရုပ်တု) မည်ရခြင်းဖြစ်ပါသည်။

---

**(၈) အတွင်းလူ အပြင်လူ ဆိုသကဲ့သို့ အတွင်းရုပ် အပြင်ရုပ်ကို သင်္ချာမျှ ခွဲထုတ်ဖော်ပြ၍၊ အတွင်းရုပ်တို့ကို ဖော်ထုတ်ရေးသားကာ၊ မျက်စိဖြင့် မြင်ကောင်းသော ရုပ်အမည်ကိုလည်း ညွှန်ပြခဲ့ပါ။**

<u>အတွင်းရုပ် အပြင်ရုပ်ကို သင်္ချာမျှ ဖေါ်ပြရသော်–</u>

အတွင်းရုပ် (အဇ္ဈတ္တိကရုပ်) = ပသာဒရုပ် ၅–ပါး
အပြင်ရုပ် (ဗာဟိရရုပ်) = ပသာဒရုပ် ၅–ပါးမှကြွင်းသောရုပ် ၂၃–ပါး ဖြစ်ပါသည်။

**အတွင်းရုပ် (အဇ္ဈတ္တိကရုပ်) တို့မှာ–** စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ် တို့ဖြစ်သည်။

မျက်စိဖြင့် မြင်ကောင်းသောရုပ် အမည်မှာ ရူပါရုံ(အဆင်းရုပ်) ၁–ပါး ဖြစ်ပါသည်။

---

**(၉) ရယ်သောသူသည် အသက်ရှည်၏ ဟုဆိုကြရာ သတ္တဝါများအား ရယ်စေတတ်သောစိတ်တို့ကို ရေတွက်ပြ၍ စာဖြေသူပုထုဇဉ်သည် အဘယ်စိတ်ဖြင့် ရယ်မောပါသနည်း။ မှန်ကန်စွာ ဖော်ပြပါ။**

**သတ္တဝါများအား ရယ်စေတတ်သောစိတ် ၁၃–ပါးတို့ကို ရေတွက်ပြရသော်–**

| | | |
|---|---|---|
| လောဘမူသောမနဿ စိတ် | = | ၄ ပါး |
| မဟာကုသိုလ်သောမနဿ စိတ် | = | ၄ ပါး |
| ဟသိတုပ္ပါဒ်စိတ် | = | ၁ ပါး |
| မဟာကြိယာသောမနဿ စိတ် | = | ၄ ပါး |
| ပေါင်း ကာမသောမနဿစိတ် | = | ၁၃ ပါး ဖြစ်ပါသည်။ |

**စာဖြေသူ ပုထုဇဉ်၏ ရယ်မောသောစိတ်မှာ–**

| | |
|---|---|
| လောဘမူသောမနဿ စိတ် | = ၄ ပါး |
| မဟာကုသိုလ်သောမနဿ စိတ် | = ၄ ပါး |
| ပေါင်း | = ၈ ပါးဖြစ်ပါသည်။ |

---

**(၁၀) ပဋိသန္ဓေအခါ မရနိုင်သော ရုပ်တရားများကို ဖော်ပြ၍ အဘယ်အရာကို အဘယ်ကြောင့် နိဗ္ဗာန် ဟုခေါ်ဆိုပါသနည်း။ ယခု သင်ယူနေသော အဘိဓမ္မာအမြင်အတိုင်း တင်ပြပါ။**

**ပဋိသန္ဓေအခါ မရနိုင်သော ရုပ်တရားများမှာ–**

| | |
|---|---|
| သဒ္ဒရုပ် | = ၁ ပါး |
| ဝိညတ်ရုပ် | = ၂ ပါး |
| လဟုတာဒိရုပ် | = ၃ ပါး |
| ဇရတာရုပ် | = ၁ ပါး |
| အနိစ္စတာရုပ် | = ၁ ပါး |
| ပေါင်း | = ၈ ပါး ဖြစ်ပါသည်။ |

လောကုတ္တရာဟုဆိုအပ်သော လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဝါ န–ဟုဆိုအပ်သော တဏှာမှထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ဆို အပ်ပါသည်။

---

**[၂၀၁၇–ခုနှစ်]**

**(၇) စိုစိုဖတ်ဖတ် ရှိသော တကိုယ်လုံး၌ ပျံ့နှံ့၍ တည်သောရုပ်တို့ကိုဖော်ပြ၍၊ ရုပ်အစစ်(၁၈)ပါးသည် အဘယ့်ကြောင့် သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ သမ္မသနရုပ် မည်ပါသနည်း ဖြေဆိုပါ။**

**<u>စိုစိုဖတ်ဖတ်ရှိသော တကိုယ်လုံး၌ ပျံ့နှံ့၍တည်သောရုပ်များသည် –</u>**

ဘာဝရုပ်၊ ကာယပသာဒရုပ်၊ ဇီဝိတရုပ်နှင့် အာပေါလွန်ကဲသော သုတ်၊ သွေး၊ သည်းခြေရုပ်တို့ဖြစ်ပါသည်။

**<u>ရုပ်အစစ် (၁၈)ပါးသည်</u>**

**(၁) သဘာဝရုပ်**

ရုပ်အစစ် ၁၈–ပါးတို့သည် ကက္ခဠတ္တစသော မိမိဆိုင်ရာကိုယ်ပိုင် သဘောလက္ခဏာ ထင်ရှားရှိကြ သောကြောင့် "သဘာဝရုပ်" မည်၏။

**(၂) သလက္ခဏရုပ်**

ရုပ်အစစ် ၁၈–ပါးတို့သည် အနိစ္စတာ၊ ဒုက္ခတာ၊ အနတ္တတာစသော အများဆိုင်ရာသလက္ခဏာ ထင်ရှားရှိကြသောကြောင့် "သလက္ခဏရုပ်" မည်၏။

**(၃) နိပ္ဖန္နရုပ်**

ရုပ်အစစ် ၁၈–ပါးတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ခြင်း ထင်ရှားသဖြင့် "နိပ္ဖန္နရုပ်" မည်၏။

**(၄) ရူပရုပ်**

ရုပ်အစစ် ၁၈–ပါးတို့သည် အပူ၊အအေးဆန့်ကျင်ဘက်တရားတို့နှင့် ပေါင်းဆုံမိလျှင်ရှေးအစဉ်နှင့် နောက်အစဉ် အတူအောင် ဖောက်ပြန်ရာ၌ ထင်ရှားသဖြင့် "ရူပရုပ်" မည်၏။

**(၅) သမ္မသနရုပ်**

ရုပ်အစစ် ၁၈–ပါးတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတို့ဖြင့် သုံးသပ်အပ်သော ကြောင့် "သမ္မသနရုပ်" မည်၏။

---

**(၈) စာဖြေသူတို့ ကြည့်ရှုလေ့ရှိသည့် ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်တို့၌ ပေါ်လာသော အရုပ်နှင့် အသံတို့သည် ကြည့်ရှု နားဆင်သူတို့၏ မျက်စိနှင့် နားသို့ ရောက်/မရောက် မိမိတို့လေ့လာသင်ယူနေသော အဘိဓမ္မာအမြင်ဖြင့် အကြောင်းသွင်းကာ ရှင်းလင်းဆုံးဖြတ်ပါ။**

ရုပ်မြင်သံကြား၊ ဗီဒီယို၊ ရုပ်ရှင်တို့၌ပေါ်လာသော အရုပ်နှင့် အသံတို့သည် ကြည့်ရှုနားဆင်သူတို့၏ မျက်စိနှင့်နားသို့ မရောက်ပါ။

**အကြောင်းသွင်းရှင်းပြရသော်–**

အာရုံကိုယူတတ်သော ရုပ်တို့ကိုလည်း ရောက်/မရောက်၏ အစွမ်းဖြင့် ခွဲဝေဖန်လျှင် "အသမ္ပတ္တရုပ်" မည်သော စက္ခုပသာဒရုပ်၊ သောတပသာဒရုပ် ပေါင်း ၂–ပါးသော ရုပ်တို့သည် မိမိထံမှောက်သို့ မရောက်၊ မထိ၊ မငြိကပ်သောအားဖြင့် အာရုံကို ယူတတ်သော သဘောရှိသော ကြောင့် အရုပ်နှင့် အသံတို့သည် ကြည့်ရှု နားဆင်သူတို့၏ မျက်စိနှင့်နားသို့ မရောက်ပါ။

---

**(၉) စိတ်က ရုပ်ကိုဖြစ်စေရာ၌ ရုပ်ကို ဖြစ်စေနိုင်သောစိတ်နှင့် ရုပ်ကို မဖြစ်စေနိုင်သော စိတ်တို့ကို သချာမျှဖော်ပြ၍၊ လျောင်း–ထိုင်–ရပ်–သွား လေးပါးသောဣရိယာပုတ်ကိုလည်း ထောက်ပံ့ ခိုင်ခံ့စေတတ်သော စိတ်တို့ကို ဖော်ပြခဲ့ပါ ။**

**ရုပ်ကို ဖြစ်စေနိုင်သောစိတ်သည် =** ၇၅ – ပါး ဖြစ်ပါသည်။
**ရုပ်ကို မဖြစ်စေနိုင်သောစိတ်သည် =** ၁၄ – ပါး ဖြစ်ပါသည်။

**လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုတ်ကိုလည်း ထောက်ပံ့ ခိုင်စေတတ်သော စိတ်တို့မှာ –**

မဟဂ္ဂုတ်ကုသိုလ်စိတ် ၉–ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉–ပါး၊ လောကုတ္တရာစိတ် ၈–ပါး၊ ပေါင်း (အဘိညာဏ် ဒွေးကြဉ်သော) အပ္ပနာဇော =၂၆–ပါး ဖြစ်ပါသည်။

---

**(၁၀) မွေးဖွားခါစ ကလေးများတွင် ယောကျာ်းအင်္ဂါလည်းမပါ၊ မိန်းမအင်္ဂါလည်းမပါသော ကလေးများကို တွေ့ရသည်–ဟု ဆေးပညာရှင်တို့ ပြောဆိုသော စကားနှင့် 'မင်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်' ဟူသောစကား မှန်/မမှန် အဘိဓမ္မာအမြင်ဖြင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။**

မွေးဖွားကာစ ခလေးတို့တွင် ယောကျာ်းအင်္ဂါလည်းမပါ၊ မိန်းမအင်္ဂါလည်းမပါသော ကလေးများကို တွေ့ရသည်– ဟု ဆေးပညာရှင်တို့ ပြောဆိုသော စကား မှန်ပါသည်။

**<u>ကာမဘုံ၌ ဂဗ္ဘသေယျကသတ္တဝါတို့သည် ပဋိသန္ဓေအခါ</u>**- ကမ္မဇဖြစ်သော ကာယ၊ ဘာဝ၊ ဝတ္ထုဒသက ကလာပ် အားဖြင့် အများဆုံးကလာပ် ၃-စည်း ရနိုင်သော်လည်း ရံခါ ဘာဝဒသက ကလာပ်ချို့တဲ့နိုင်သောကြောင့် ဖြစ်ပါသည်။

**<u>မဂ်ပေါက်ဖိုလ်ဝင်နိဗ္ဗာန်မြင် -</u>** ဟူသော ဆိုရိုးစကား မှန်ပါသည်။

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာရမ္မဏဘူတံ-ဟူသော သင်္ဂဟပါဠိကို ထောက်၍ နိဗ္ဗာန်ဟူသည် ၄-ပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားဖြစ်သောကြောင့် လည်းကောင်း၊ မဂ်,ဖိုလ်တို့၏ အာရုံဖြစ်သော တရားဖြစ်သောကြောင့်လည်းကောင်း "မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်" ဟူသောဆိုရိုးစကား မှန်ပါသည်။ [ကိုင်းကုန်းသင်္ဂြိုဟ်ဆိုးကျမ်း-၄၀၉/သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း၊ပတွဲ-၂၆၅]

===

**[၂၀၁၈-ခုနှစ်]**

**(၇) ရုပ်များစွာတို့တွင် ကြည်လင်ပြတ်သားသော အကြည်ရုပ် ၅ မျိုးကို ဖော်ပြ၍ ဟဒယရုပ်၏ တည်ရာဌာနကို ညွှန်ပြကာ အနိပ္ဖန္နရုပ် ၁၀ ပါးသည် အဘယ်ကြောင့် အရူပရုပ် မည်ပါသနည်း၊ ဖြေဆိုပါ။**

**<u>အကြည်ရုပ် ၅ မျိုးမှာ</u>**

၁။ စက္ခုပသာဒရုပ်

၂။ သောတပသာဒရုပ်

၃။ ဃာနပသာဒရုပ်

၄။ ဇိဝှါပသာဒရုပ်

၅။ ကာယပသာဒရုပ် ဟူသော ပသာဒရုပ် ၅ ပါး ဖြစ်ပါသည်။

**<u>ဟဒယရုပ်၏ တည်ရာဌာန</u>**

သားမြတ်နှစ်ခုအလယ်၊ နှလုံးအိမ်အတွင်း ပုန်းညက်စေ့ခန့်ကျယ်သော တွင်းငယ်နေရာ

**<u>အနိပ္ဖန္နရုပ် ၁၀ ပါးသည် အရူပရုပ် မည်ရပုံ</u>**

အပူအအေး စသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်ရာတွင် ထင်ရှားမှု မရှိသောကြောင့် ဖြစ်ပါသည်။

---

**(၈) အင်အားပြင်း အဏုမြူဗုံးဖြင့်သော်မှ ဖောက်ခွဲဖျက်ဆီး၍ မရနိုင်သော ရုပ်တရားတို့ကို ဖော်ပြ၍ စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု ဟူသော လောကဆိုရိုးစကား မှန် / မမှန် လေ့လာသင်ယူခဲ့သော အဘိဓမ္မာပညာဖြင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။**

**<u>အင်အားပြင်း အဏုမြူဗုံးဖြင့်သော်မှ ဖောက်ခွဲဖျက်ဆီး၍ မရနိုင်သော ရုပ်တရားတို့မှာ</u>**

မဟာဘုတ်ရုပ် ၄ ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာရုပ်တည်း ဟူသော အဝိနဗ္ဘောဂရုပ် ၈ ပါး။

**စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နုဟူသောလောကဆိုရိုးစကားမှန်ပါသည်။**

**အကြောင်းမှာ -**

ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက် ၄ ပါး၊ ရဟန္တာတို့၏ စုတိစိတ်၊ အလုံးစုံသော ပဋိသန္ဓေစိတ် ကြဉ်သော စိတ် ၇၅-ပါးတို့သည် စိတ္တဇရုပ်ကို ဖြစ်စေပါသည်။

---

**(၉) ကံက ရုပ်ကို ဖြစ်စေရာ၌ အဘယ်အချိန်မှ စ၍ ဖြစ်စေပါသနည်း၊ ဖြေဆို၍ ရုပ်ကို မဖြစ်စေနိုင်သော ကံများရှိပါက ထုတ်ပြကာ၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် ၄ မျိုးတို့တွင် သက်မဲ့ရေမြေ တောတောင်သစ်ပင် စသည်တို့၌ ရနိုင်သည့် ရုပ်ကို ဖော်ပြပါ။**

**ကံက ရုပ်ကို ဖြစ်စေရာ၌** ပဋိသန္ဓေ၏ ဥပါဒ်ခဏမှ စ၍ ဖြစ်စေပါသည်။

**<u>ရုပ်ကို မဖြစ်စေနိုင်သော ကံများ</u>**

အရူပကုသိုလ်ကံ ၄ ပါးနှင့် လောကုတ္တရာကုသိုလ်ကံ

**<u>သက်မဲ့ရေမြေ တောတောင်သစ်ပင် စသည်တို့၌ ရနိုင်သည့် ရုပ်မှာ</u>**

ဥတုဇရုပ် ဖြစ်ပါသည်။

---

**(၁၀) ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သော ရုပ်တို့ကို ညွှန်ပြ၍၊ ကမ္ဘာဦးလူသားများနှင့် ယနေ့လူသားတို့ မတူကွဲပြား ခြားနားပုံကို ရုပ်ပိုင်း ရူပပဝတ္တိက္ကမလာ သတ္တဝါအမျိုးအစား ခွဲခြားပုံကို ရှုမျှော်၍ ၊ ဖြေဆိုကာ နိဗ္ဗာန်သုံးမျိုးကို အဓိပ္ပါယ်နှင့် တကွ ရေးသားဖော်ပြပါ။**

**<u>ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်သော ရုပ်</u>**

အာကာသဓာတ် ပရိစ္ဆေဒရုပ် ၁ ပါး၊ လက္ခဏရုပ် ၄ ပါး ပေါင်း **၅**-ပါး ဖြစ်ပါသည်။

**ကမ္ဘာဦးလူသားများနှင့် ယနေ့လူသားတို့ မတူကွဲပြား ခြားနားပုံကို ရုပ်ပိုင်းရူပပဝတ္တိက္ကမလာ သတ္တဝါအမျိုးအစား ခွဲခြားပုံကို ရှုမျှော်၍ ဖြေဆိုရသော်-**

| | | |
|---|---|---|
| **ကမ္ဘာဦးလူသားသည်** | = | ဘဝဟောင်းမှ ခုန်လွှားခဲ့၍ ဘွားခနဲကျလာသကဲ့သို့ ခန္ဓာကိုယ် ထင်ရှားဖြစ်သော ဥပပါတ် (ဩပပါတိက) သတ္တဝါ။ |
| **ယနေ့လူသားသည်** | = | သားအိမ် (အမိဝမ်း)၌ ဖြစ်သော ဇလာဗုဇ(ဂဗ္ဘသေယျက)သတ္တဝါ။ |

**<u>နိဗ္ဗာန်သုံးမျိုး</u>**

| | | |
|---|---|---|
| ၁။ သုညတနိဗ္ဗာန် | = | ရာဂစသော ကြောင့်ကြဖွယ် (ပလိဗောဓ) အမျိုးမျိုးမှ ကင်းငြိမ်း သုဉ်းဆိတ်သော နိဗ္ဗာန်။ |
| ၂။ အနိမိတ္တနိဗ္ဗာန် | = | ရာဂနိမိတ် စသော ဘေးရန်အပေါင်းနှင့် မဆက်ဆံသော နိဗ္ဗာန်။ |
| ၃။ အပ္ပဏိဟိတနိဗ္ဗာန် | = | အာသာ တဏှာ စသော တောင့်တမှု၊ ပူပန်မှုတို့နှင့်မဆက်ဆံသော နိဗ္ဗာန်။ |

---

## [၂၀၁၉-ခုနှစ်]

**(၇) "ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏ဟုဆိုလာလျှင်လက်ခံသင့်၊မခံသင့်ရှင်းပြ၍၊ ဆိုင်ရာ ကိစ္စ၌ အစိုးရသော ရုပ်တို့ကိုလည်း တစ်ခုချင်းစီ ရေးသားဖြေဆိုပါ။**

**ရုပ်တရားများသည် အာရုံကို ယူနိုင်စွမ်း၏ဟု ဆိုလာလျှင်** လက်မခံသင့်ပါ။

ရုပ်တရားတို့သည် အာရုံကိုမယူတတ်သော **<u>အနာရမ္မဏ</u>**တရားချည်းသာ ဖြစ်ပါသည်။

**<u>ဆိုင်ရာကိစ္စ၌ အစိုးရသော ရုပ်များ-</u>**

| | |
|---|---|
| စက္ခုပသာဒရုပ် | = ၁-ပါး |
| သောတပသာဒရုပ် | = ၁-ပါး |
| ဃာနပသာဒရုပ် | = ၁-ပါး |
| ဇိဝှါပသာဒရုပ် | = ၁-ပါး |
| ကာယပသာဒရုပ် | = ၁-ပါး |
| ဣတ္ထိဘာဝရုပ် | = ၁-ပါး |
| ပုမ္ဘာဝရုပ် | = ၁-ပါး |
| ဇီဝိတရုပ် | = ၁-ပါး |
| ပေါင်း ဣန္ဒြိယရုပ် | = ၈-ပါး ဖြစ်ပါသည်။ |

---

**(၈) ဘုရားရဟန္တာတို့သည် အဘယ်စိတ်တို့ဖြင့် ပြုံးတော်မူကြပါသနည်း၊ ဖြေဆို၍ မြန်မာ အိုင်ဒေါလ် ပရိသတ်များက မိမိ အားပေးသော အဆိုရှင်၏ တေးသီချင်း သီဆိုမှုနှင့် ပတ်သက်၍ "သူလေးက အသံ သိပ်ကောင်းတာပဲ"ဟု ချီးကျူး ပြောဆိုကြရာ ယင်းအဆိုရှင်၏ အသံသည် အဘယ် အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာရပါသနည်း၊ အဘိဓမ္မာအမြင်ဖြင့် ဖြေဆိုခဲ့ပါ။**

**<u>ဘုရား ရဟန္တာတို့ ပြုံးတော်မူသောစိတ်များ -</u>**

| | |
|---|---|
| သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် | ၁-ပါး |
| မဟာကြိယာ သောမနဿသဟဂုတ်စိတ် | ၄-ပါး |
| ပေါင်း | ၅-ပါး |

**အဆိုရှင်၏ အသံ ဖြစ်ပေါ်ရခြင်း အကြောင်း-**

အသံ(သဒ္ဒရုပ်)သည် စိတ်၊ ဥတု အကြောင်းနှစ်ပါးကြောင့် ဖြစ်ပေါ်၏။ အဆိုရှင်၏အသံကား ကိုယ်တိုင် သီချင်း သီဆိုနေသောအခါ၌ စိတ်ကြောင့် ဖြစ်သောအသံဖြစ်၍ <u>စိတ္တဇသဒ္ဒရုပ်</u> ဖြစ်၏။ ထိုစိတ္တဇသဒ္ဒကို စက်အကူညီတို့ဖြင့် တဖန်ပွံ့ပိုးမှုကြောင့် ထွက်ပေါ်လာသော အသံတို့သည် ဥတုကြောင့်ဖြစ်သော <u>ဥတုဇသဒ္ဒ</u> ဟုမှတ်ရမည်။

---

**(၉) (က) သံသေဒဇသတ္တဝါ၊ (ခ) ဩပပါတိကသတ္တဝါ၊ (ဂ) ဇလာဗုဇ ဂဗ္ဘသေယျကသတ္တဝါ၊(ဃ) အဏ္ဍဇ ဂဗ္ဘသေယျကသတ္တဝါ မည်ပုံတို့ကို ရေးသားဖြေဆို၍၊ ယင်းသတ္တဝါတို့တွင်ခွေးလိမ္မာလေး အောင်နက် သည် မည်သည့်သတ္တဝါ အမျိုးအစား၌ ပါဝင်ပါသနည်း၊ အကြောင်း သွင်းကာ ရှင်းလင်း ဖြေဆိုပါ။**

**<u>(က) သံသေဒဇသတ္တဝါ</u>**

ဝါးပင်၊ ကြာပင်၊ လမုပင်၊ ရေပုပ်၊ ရွှံ့ညွန်စသော စိုစွတ်ငြိကပ်တွယ် ရာ အရပ်(အညှိ)၌ စွဲ၍ ဖြစ်သောသတ္တဝါ။

(ဥပမာ- ဝေဠုဝတီ၊ ပဒုမဝတီ မိဖုရားများ၊ ခြင်၊ ပိုးလောက်စသောသတ္တဝါများ)

**<u>(ခ) ဩပပါတိက(ဩပပါတိက)သတ္တဝါ</u>**

ဘဝဟောင်းမှ ခုန်လွှားခဲ့၍ ဘွားခနဲ ကျလာသကဲ့သို့ ခန္ဓာကိုယ် ထင်ရှားဖြစ်သော သတ္တဝါ။

(ဥပမာ- ကမ္ဘာဦး လူများ၊ နတ် ဗြဟ္မာများနှင့် ငရဲသူ ငရဲသားများ)

**(ဂ) ဇလာဗုဇ ဂဗ္ဘသေယျကသတ္တဝါ**

သားအိမ်(အမိဝမ်း)၌ ဖြစ်သော သတ္တဝါ။(ဥပမာ- လူ၊ ကြောင်၊ ခွေး၊ နွားစသော သတ္တဝါများ)

**(ဃ) အဏ္ဍဇ ဂဗ္ဘသေယျကသတ္တဝါ**

ဥခွံ၌ဖြစ်သော သတ္တဝါ။ (ဥပမာ- ကြက်၊ ငှက်စသော သတ္တဝါများ)

**ခွေးလိမ္မာလေး အောင်နက်သည်**

(အမိဝမ်း)သားအိမ်၌ ပဋိသန္ဓေတည်သောကြောင့် ဇလာဗုဇ ဂဗ္ဘသေယျကသတ္တဝါတွင် ပါဝင်သည်။

---

**(၁၀) ကာမဂုဏ်ကို စက်ဆုပ်သော ဗြဟ္မာတို့၏ နေရာ၌ မရနိုင်သော ရုပ်ကလာပ်တို့ကို ရေးသား၍ ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သော နိဗ္ဗာန်အမည်ကိုလည်း ဖော်ပြပါ။**

**[ ၂၀၀၃-ခုနှစ်၊ နံပါတ်(၁၀)အဖြေကို ကြည့်ပါ။ ]**

---

**[၂၀၂၀ - ခုနှစ်]** စာမေးပွဲ မကျင်းပ ဖြစ်ပါ။

---

**[၂၀၂၁ - ခုနှစ်]**

**(၇) ရူပသမုဒ္ဒေသ၊ ရူပဝိဘာဂ၊ ရူပသမုဋ္ဌာန၊ ရူပကလာပ၊ ရူပပဝတ္တိက္ကမ- မည်ပုံတို့ကို ရေးသားဖြေဆို၍၊ အဘယ်သည် ဇီဝိတရုပ်မည်ပါသနည်း၊ ဖြေဆိုပါ။**

| | | |
|---|---|---|
| **ရူပသမုဒ္ဒေသ** | = | ရုပ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ခြင်း။ |
| **ရူပဝိဘာဂ** | = | ရုပ်တို့ကို အကျယ်အားဖြင့် ဝေဖန်ခြင်း။ |
| **ရူပသမုဋ္ဌာန** | = | ရုပ်တို့၏ဖြစ်ကြောင်းကိုဝေဖန်ပြခြင်း။ |
| **ရူပကလာပ** | = | ရုပ်တို့၏ဖွဲ့စည်းပုံ အပေါင်းအစည်းကို ဝေဖန်ပြခြင်း။ |
| **ရူပပဝတ္တိက္ကမ** | = | ရုပ်တို့၏ ဖြစ်စဉ် ချုပ်စဉ်တို့ကို ဝေဖန်ပြခြင်း။ |

သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ်သော အစိုးရတတ်သော **"ရုပ်ဇီဝိတိန္ဒြေ"**ကို ဇီဝိတရုပ်ဟူ၍ ခေါ်သည်။

---

**(၈) ရုပ်ဖြစ်ကြောင်းတရားလေးပါးတွင် စိတ်က ရုပ်ကို ဖြစ်စေရာ၌ စိတ်အားလုံးက ရုပ်ကိုဖြစ်စေနိုင်ပါသလော၊ မိမိတို့ သင်ယူလေ့လာနေသော အဘိဓမ္မာအမြင်ဖြင့် ဝေဖန်ပြ၍၊ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။**

**စိတ်အားလုံးက ရုပ်ကို မဖြစ်စေပါ၊ မဖြစ်စေသော စိတ်တို့မှာ-**

အရူပဝိပါက်စိတ်(၄)ခု၊ ဒွေပဉ္စဝိညာဏ်(၁၀)၊ အလုံးစုံသောပဋိသန္ဓေစိတ်၊ရဟန္တာတို့စုတိစိတ်တို့သည် ရုပ်ကို မဖြစ်စေပါ။

**ကြွင်း ၇၅-ပါးသော စိတ် တို့ကြောင့်သာ** စိတ္တဇရုပ် ဖြစ်ပါသည်။

**ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သော စိတ်(၁၃)ပါး ရှိပါသည်။** ၎င်းတို့မှာ-

| | |
|---|---|
| လောဘမူ သောမနဿစိတ် | - ၄-ပါး |
| မဟာကုသိုလ် သောမနဿစိတ် | - ၄-ပါး |
| မဟာကြိယာ သောမနဿစိတ် | - ၄-ပါး |
| ဟသိတုပ္ပါဒ်စိတ် | - ၁-ပါး တို့ဖြစ်ပါသည်။ |

---

**(၉) ရသာရုံနှင့် ဩဇာတို့၏ ကွဲပြားခြားနားချက်ကို ဖြေဆို၍၊ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။**

**ရသာရုံသည်** - "ချို ချဉ် ငံ စပ် ဖန် ခါး" ဟူသော ဇိဝှါဝိညာဏ်စိတ်၏ အာရုံဖြစ်သော ဂေါစရရုပ်မျိုး ဖြစ်၏။

**<u>ဩဇာဟူသည်မှာ</u>**

အဇ္ဈတ္တသန္တာန်၌ဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောအကြောင်းတရားတို့ကြောင့် ဖြစ်သော အဝိနိဗ္ဘောဂရုပ်အတွင်းပါသော အဇ္ဈတ္တဩဇာ၊အလုပ်အလွေးပြု၍စားမျိုအပ်သော ဘောဇဉ် စသည်တို့၌ ပါဝင်သောအဆီ အစေး ဟုဆိုအပ်သော ဗဟိဒ္ဓဩဇာတို့ဖြစ်သည်။ ထို ဗဟိဒ္ဓဩဇာရုပ် ကိုပင် အာဟာရ - ဟုခေါ်သည်။

**<u>ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်တို့မှာ-</u>**

| | |
|---|---|
| သဒ္ဒရုပ် | = ၁-ပါး၊ |
| လဟုတာဒိရုပ် | = ၃-ပါး၊ |
| အာကာသဓာတ် ပရိစ္ဆေဒရုပ် | = ၁-ပါး၊ |
| အဝိနိဗ္ဘောဂရုပ် ပေါင်း ဥတုဇရုပ် | = ၈-ပါး၊ |
| ပေါင်း | = ၁၃-ပါး။ |

---

**(၁၀) ရုပ်သက်သက်သာဖြစ်သော အသညသတ်ဘုံ၌ မရနိုင်သောရုပ်များရှိပါက ဖော်ထုတ်ရေးသားပြ၍၊ "တရားရှာ ကိုယ်မှာတွေ့ ဟူသော လောကဆိုရိုးစကား မှန်/မမှန် အဘိဓမ္မာပညာဖြင့်ဝေဖန်ကာ ဆုံးဖြတ်ပြပါ။**

**အသညသတ်ဘုံ၌ မရနိုင်သော ရုပ်ပေါင်း ၁၁-ပါး ဖြစ်၏။** ၎င်းတို့မှာ-

| | |
|---|---|
| ပသာဒရုပ် | = ၅-ပါး |
| သဒ္ဒါရုံရုပ် | = ၁-ပါး |
| ဟဒယရုပ် | = ၁-ပါး |
| ဘာဝရုပ် | = ၂-ပါး |
| ဝိညတ်ရုပ် | = ၂-ပါး |
| ပေါင်း | = ၁၁-ပါး |

**"တရားရှာကိုယ်မှာတွေ့"ဟူသော လောကဆိုရိုးစကားသည်- မှန်ပါသည်။**

(သလက္ခဏရုပ်၊ သမ္မသနရုပ်-ဟူသော သင်္ဂဟပါဠိ၌ကို ထောက်၍)သတ္တဝါတို့ ခန္ဓာကိုယ်ရှိ နိပ္ဖန္နရုပ်-၁၈ သည်လက္ခဏာယာဉ်သုံးပါးတင်၍ ဝိပဿနာရှုပွါးထိုက်သောရုပ်တရားဖြစ်သောကြောင့်

"တရားရှာ ကိုယ်မှာတွေ့" ဟူသော လောကဆိုရိုးစကားမှန်ပါသည်။ (အဘိဓမ္မာသဘောနှင့်လည်းညီပါသည်။ [ ကိုင်းကုန်းသဂြိုဟ်ဆိုရိုးကျမ်း-၄၀၉] (၂၀၁၈၊ ၈ - ၀၃)

================================================================================

## [၂၀၂၂-ခုနှစ်]

(၇) ......... ရုပ်တရား၏ အမည်များကိုလည်း ဧကဝိဓနည်းအားဖြင့် ငါးခုမျှ ဖော်ပြပါ။

<u>ဧကဝိဓနည်းအားဖြင့် ရုပ်တရား၏ အမည် ငါးခုမျှဖော်ပြရလျှင် -</u>

အဟေတုက, သပ္ပစ္စယ, သာသဝ, သင်္ခတ, လောကိယ တို့ဖြစ်ပါသည်။

--------------------------------------------------------------------------------

(၈) **ဆိုင်ရာကိစ္စများ၌ အစိုးရသော ရုပ်တရားတို့ကို ဖော်ပြ၍၊ ရုပ်တရားကို ဖြစ်စေနိုင်သော ကံတရားတို့ကိုလည်း ရေတွက်ပြပါ။**

<u>ဆိုင်ရာကိစ္စများ၌ အစိုးရသော ရုပ်တရားတို့မှာ -</u> ဣန္ဒြိယရုပ်များ ဖြစ်ကြသော

| | |
|---|---|
| ပသာဒရုပ် | = ၅ ပါး |
| ဘာဝရုပ် | = ၂ ပါး |
| ဇီဝိတရုပ် | = ၁ ပါး |
| ပေါင်း | = ၈ ပါးတို့ ဖြစ်ပါသည်။ |

<u>ရုပ်တရားကို ဖြစ်စေနိုင်သော ကံတရားတို့မှာ -</u>

**အတိတ်ဖြစ်သော-**

| | |
|---|---|
| အကုသိုလ်စေတနာ | = ၁၂ ပါး |
| ကာမကုသိုလ်စေတနာ | = ၈ ပါး |
| ရူပကုသိုလ်စေတနာ | = ၅ ပါး |
| ပေါင်း စေတနာကံ | = ၂၅ ပါးတို့ ဖြစ်ပါသည်။ |

--------------------------------------------------------------------------------

(၉) **ရုပ်ကလာပ်၏ အင်္ဂါသုံးချက်ကို ရေတွက်ပြ၍၊ ကလာပ်ဝိမုတ်ဖြစ်သော ရုပ်တရားတို့ကိုရှာဖွေတင်ပြကာ၊ ယခုစာဖြေသူသည် အဘယ်သတ္တဝါအမျိုးအစား၌ ပါဝင်သည်ကို ရုပ်ပိုင်းအမျိုးဇာတ် (ယောနိ) အားဖြင့်ဖြေဆိုပါ။**

<u>ရုပ်ကလာပ်၏ အင်္ဂါသုံးချက်မှာ -</u>

| | | |
|---|---|---|
| ၁။ ဧကုပ္ပါဒ | = | အတူတကွ ဖြစ်ခြင်း၊ |
| ၂။ ဧကနိရောဓ | = | အတူတကွ ချုပ်ခြင်း၊ |
| ၃။ ဧကနိဿယ | = | တူသော မှီရာရှိခြင်း၊ |

<u>ကလာပ်ဝိမုတ်ဖြစ်သော ရုပ်တရားတို့မှာ -</u>

| | |
|---|---|
| အာကာသဓာတ် (ပရိစ္ဆေဒရုပ်) | = ၁ ပါး |
| လက္ခဏရုပ် | = ၄ ပါး |
| ပေါင်း | = ၅ ပါးတို့ ဖြစ်ပါသည်။ |

<u>ယခုစာဖြေသူ၏ သတ္တဝါအမျိုးအစားမှာ -</u>

ဇလာဗုဇသတ္တဝါ (ဂဗ္ဘသေယျကသတ္တဝါ) ဖြစ်ပါသည်။

**(၁၀) "လူတစ်ယောက် နှလုံးခုန်ရပ်လျှင် သေဆုံးပြီ"ဟု လူအများပြောဆိုကြရာ အဘိဓမ္မာ ဆေးပညာအရ 'သေခြင်း သတ်မှတ်ပုံ'ကို ပြဆို၍၊ ထိုသေဆုံးသူ၌ဖြစ်သော "စိတ်ကြောင့်ဖြစ်သောရုပ်တို့၏ နောက်ဆုံးပျက်စီးချိန်"ကို ဖြေဆိုပါ။**

**<u>အဘိဓမ္မာဆေးပညာအရ "သေခြင်း သတ်မှတ်ပုံ"မှာ –</u>**

၁။ အာယု = ရုပ်ဇီဝိတ+နာမ်ဇီဝိတဟု ဆိုအပ်သော အသက်

၂။ ဥသ္မာ = ကမ္မဇတေဇောဓာတ်ဟု ဆိုအပ်သော ကိုယ်ငွေ့

၃။ ဝိညာဏ = ဝိပါက်ဝိညာဉ်၊ ဤသုံးမျိုး ကိုယ်မှာမရှိလျှင် သေသည်ဟုခေါ်ပါသည်။

**<u>စိတ်ကြောင့်ဖြစ်သော ရုပ်တို့၏ နောက်ဆုံးပျက်စီးချိန်'မှာ –</u>**

ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် ၄၈ ချက်ခန့် အကြာတွင် နောက်ဆုံးပျက်စီးပါသည်။

===========================================================================

**[၂၀၂၃–ခုနှစ်]**

**(၈) ရုပ်အားလုံးကို သပစ္စယ, လောကိယ, ကာမာဝစရဟု ခေါ်ဆိုရခြင်းအကြောင်းတို့ကို ရှင်းပြ၍၊ ရုပ်(၂၈)ပါး တို့တွင်သြဠာရိကရုပ်သာမည်၍ ဣန္ဒြိယရုပ်မမည်သောရုပ်တို့ကိုလည်း ဖော်ပြပါ။**

**သပစ္စယ** = ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းလေးပါးနှင့်တကွ ဖြစ်သောကြောင့် သပစ္စယ မည်၏။

**လောကိယ** = ဥပါဒါန်၏ အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သော ကြောင့် လောကိယ မည်၏။

**ကာမာဝစရ** = ကာမတဏှာ၏ အာရုံပြုရာ, ကျင်လည်ကျက်စားရာ ဖြစ်သောကြောင့် ကာမာဝစရ မည် ၏။

**သြဠာရိကရုပ်သာမည်၍ ဣန္ဒြိယရုပ်မမည်သောရုပ်မှာ–** ဂေါစရ ရုပ် (၇) ပါးဖြစ်ပါသည်။

---

**(၉) စိတ္တဇရုပ်တို့ကို ကေန်,အကေန်အားဖြင့် ခွဲခြားကောက်ပြ၍၊ ကမ္မဇကလာပ် (၉) စည်းတို့ကိုလည်း ရေတွက်ပြပါ။**

**<u>စိတ္တဇရုပ်တို့ကို ကေန်,အကေန်အားဖြင့် ခွဲခြားကောက်ပြရလျှင်–</u>**

**ကေန်စိတ္တဇရုပ်** = ကာယဝိညတ်၊ ဝစီဝိညတ် (၂)ပါး တို့ဖြစ်သည်။

**အကေန် စိတ္တဇရုပ်** = အဝိနိဗ္ဘောဂရုပ် = ၈–ပါး

ပရိစ္ဆေဒရုပ် = ၁–ပါး

သဒ္ဒရုပ် = ၁–ပါး

<u>လဟုတာဒိရုပ် = ၃–ပါး</u>

ပေါင်း = ၁၃–ပါး တို့ဖြစ်ပါသည်။

**<u>ကမ္မဇကလာပ် (၉) စည်းတို့ကိုလည်း ရေတွက်ပြရလျှင်–</u>**

(၁) ဇီဝိတနဝက ကလာပ်

(၂) စက္ခုဒသက ကလာပ်

(၃) သောတဒသက ကလာပ်

(၄) ဃာနဒသက ကလာပ်
(၅) ဇိဝှါဒသက ကလာပ်
(၆) ကာယဒသက ကလာပ်
(၇) ဣတ္ထိဘာဝဒသက ကလာပ်
(၈) ပုမ္ဘာဝဒသက ကလာပ်
(၉) ဝတ္ထုဒသက ကလာပ် တို့ဖြစ်ပါသည်။

---

**(၁၀) သစ်ပင်, ပန်းပင်များမှာ အသက်ရှိသည်'ဟု အချို့က ယူဆနေကြရာ ထိုအယူအဆသည် အဘိဓမ္မာ သဘာဝနှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ဖြေဆို၍၊ ရုပ်လေးပါးတို့၏ ချုပ်ပျက်ပုံကိုလည်း ခွဲခြားပြပါ။**

**သစ်ပင်, ပန်းပင်များမှာ အသက်ရှိသည်'ဟု အချို့က ယူဆနေကြရာ ထိုအယူအဆသည် အဘိဓမ္မာ သဘာဝနှင့်-**

ကိုက်ညီမှု မရှိပါ ဇီဝိတိန္ဒြေဟူသော ရုပ်သက်၊ နာမ်သက်တို့သည် သက်ရှိမှာသာ ရသင့်သောကြောင့် ဖြစ်သည်။ (တနည်း) သက်မဲ့ သင်ပင် ပန်းမာလ် တို့၌ အဝိနိဗ္ဘောဂရုပ်-၈ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ သဒ္ဒ ၁-ပါး၊ လက္ခဏာရုပ် လေးပါးတို့သာ ရသည်ဖြစ်၍ ဇီဝိတ အသက်ဟူသည်မရှိနိုင်။

<u>ရုပ်လေးပါးတို့၏ ချုပ်ပျက်ပုံကိုလည်း ခွဲခြားပြရလျှင်-</u>

- ကမ္မဇရုပ်သည် စုတိစိတ်၏ ဘင်နှင့် ပြိုင်ချုပ်သည်၊
- စိတ္တဇရုပ်သည် စုတိနောင် ခဏငယ် (၄၈) ချက်ကြာမှ ချုပ်သည်။
- အာဟာရဇရုပ်သည် စုတိနောင် ခဏငယ်(၅၁) ချက်ကြာမှ ချုပ်သည်။
- ဥတုဇရုပ်သည် ကမ္ဘာတည်နေသရွေ့ ဆက်လက်တည်ရှိနေ၍၊ ကမ္ဘာ ပျက်သော အခါမှ ချုပ်နိုင် ပါသည်။

---

## [၂၀၂၄-ခုနှစ်]

**(၈) ရုပ်(၂၈)ပါးတို့တွင် အဘယ်အကြောင်းကြောင့်မျှမဖြစ်သော ရုပ်လေးပါးသရုပ်ကို ဖော်ထုတ်ရေးသား၍၊ ဝိပဿနာရှုကောင်းသောရုပ်, မရှုကောင်းသောရုပ်တို့ကိုလည်း ခွဲခြားဖြေဆိုပါ။**

**ရုပ်(၂၈)ပါးတို့တွင် အဘယ်အကြောင်းကြောင့်မျှမဖြစ်သော ရုပ်လေးပါးသရုပ်မှာ-**

ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာတို့ ဖြစ်ပါသည်။

<u>**ဝိပဿနာရှုကောင်းသောရုပ်များမှာ-**</u>

မဟာဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရုပ် ၁-ပါး အားဖြင့် <u>သမ္မသနရုပ်(၁၈)</u> ပါးဖြစ်ပါသည်။

<u>**မရှုကောင်းသောရုပ်တို့မှာ-**</u>

ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ လဟုတာဒိရုပ် ၃-ပါး၊ လက္ခဏာရုပ် ၄-ပါး အားဖြင့် <u>အသမ္မသနရုပ် (၁၀)</u> ပါးတို့ဖြစ်ပါသည်။

---

**(၉ ) ယောက်ျားကိုခွဲစိတ်ကုသလျှင် မိန်းမဖြစ်နိုင်သည်ဟု ဆိုကြရာ အဘိဓမ္မာသဘောအရ ဖြစ်နိုင်/ မဖြစ်နိုင် အကြောင်းပြ ဖြေဆို၍၊ စကားပြောကောင်းသော ပုဂ္ဂိုလ်တစ်ယောက်၌ ဖြစ်သင့်သော ရုပ်ကလာပ်နှင့်ရုပ်တရားတို့ကိုလည်း ရေးသားဖော်ပြပါ။**

ယောက်ျားကိုခွဲစိတ်ကုသလျှင် မိန်းမဖြစ်နိုင်သည်ဟု ဆိုကြရာ အဘိဓမ္မာသဘောအရ လက်ခံနိုင်ဖွယ်မရှိပါ။

**အကြောင်းမှာ –** ပုရိသဘာဝရုပ်သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေသောကြောင့် ဖြစ်ပါသည်။

**<u>စကားပြောကောင်းသော ပုဂ္ဂိုလ်တစ်ယောက်၌ ဖြစ်သင့်သော ရုပ်ကလာပ်မှာ–</u>**

၁။ သဒ္ဒ ဝစီဝိညတ္တိဒသက ကလာပ်၊

၂။ သဒ္ဒဝစီဝိညတ္တိ လဟုတာဒိတေရသက ကလာပ် တို့ဖြစ်ပါသည်။

**<u>ထိုကလာပ်တို့၌ ရနိုင်သော ရုပ်များမှာ–</u>**

အဝိနိဗ္ဘောဂရုပ် = ၈–ပါး
ဝစီဝိညတ် = ၁–ပါး
သဒ္ဒရုပ် = ၁–ပါး
လဟုတာဒိရုပ် = ၃–ပါး
ပေါင်း = ၁၃–ပါး ဖြစ်ပါသည်။

---

**(၁၀) အသညသတ်ကြဉ်ရူပ(၁၅)ဘုံ၌ မရနိုင်သောရုပ်တို့ကို တိကျစွာဖော်ပြ၍၊ ဘုရားရဟန္တာတို့သည် ပရိနိဗ္ဗာန်မစံမီ နိဗ္ဗာန်ကို ရကြပါသလော? ပရိနိဗ္ဗာန်စံပြီးမှ ရကြပါသလော? ရှင်းပြဖြေဆိုပါ။**

**အသညသတ်ကြဉ်ရူပ(၁၅)ဘုံ၌ မရနိုင်သောရုပ်တို့ကို တိကျစွာဖော်ပြရလျှင်–**

ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝရုပ် နှစ်ခုအားဖြင့် (၅)–ခု မရပါသည်။

**ဘုရားရဟန္တာတို့သည် ပရိနိဗ္ဗာန်မစံမီ နိဗ္ဗာန်ကို ရကြပါသလော? ပရိနိဗ္ဗာန်စံပြီးမှ ရကြပါသလော? ရှင်းပြဖြေဆိုရလျှင်–**

ပရိနိဗ္ဗါန် မစံမီလည်းရနိုင်ပါသည်၊ ပရိနိဗ္ဗါန်စံပြီးမှလည်း ရနိုင်ပါသည်။

**အကြောင်းမှာ–**

(ခန္ဓာကိုယ်ကြွင်းရှိလျက် ရအပ်သော) = သဉပါဒိသေသ နိဗ္ဗါန်နှင့်၊
(ခန္ဓာ အကြွင်းအကျန် မရှိဘဲရအပ်သော) = အနုပါဒိသေသ နိဗ္ဗါန် ဟူ၍ ပရိယာယ် အားဖြင့် နှစ်မျိုး ရှိသောကြောင့်ဖြစ်ပါသည်။

===

## ၂၀၀၀–ခုနှစ်မှ ၂၀၂၄–ခုနှစ် အထိ

### သာသနာရေးဦးစီးဌာန အဘိဓမ္မာ (ရိုးရိုး) ဒုတိယဆင့် "ရုပ်ပိုင်း"

### မေးခွန်းဟောင်းများ နှင့် အဖြေ များပြီး၏